ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ တနင်္လာနေ့၊ (8-8-2005) (၄၆၈၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ ခုနှစ် ဩဂုတ်လ (၈)ရက်နေ့တွင် ကျရောက်သည့် (၃၈)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် သဝဏ်လွှာပေးပို့

အာဆီယံအဖွဲ့ကြီးသည် ဒေသဆိုင်ရာအုပ်စုများတွင် အတိုးတက်ဆုံးနှင့် စုစည်းမှုအရှိဆုံး ဒေသအုပ်စုတစ်ခုအဖြစ် ပေါ်ထွန်းလာလျက်ရှိ

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် နားလည်သဘောပေါက်မှုများကို ရရှိရန် မြှင့်တင်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၅ခုနှစ် ဩဂုတ် ၈ရက်တွင် ကျရောက်သည့် (၃၈)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ်အတွက် သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ထူထောင်သည့် (၃၈)နှစ်မြောက် အခါသမယတွင် အာဆီယံအဖွဲ့ကြီး၏ အောင်မြင်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် များစွာ နှစ်ထောင်းအားရ ဂုဏ်ယူမိပါသည်။ ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် ထူထောင်ခဲ့သည့် အာဆီယံအဖွဲ့ကြီးအနေဖြင့် လွန်ခဲ့သော (၃၈)နှစ်အတွင်း အဖွဲ့ထူထောင်သူများ၏ မျှော်မှန်းထားရှိခဲ့သည့် အရှေ့တောင်အာရှ ၁၀ နိုင်ငံပါဝင်သည့် အဖွဲ့အစည်းကြီးဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်သာမက အာဆီယံ၏ ၂၀၂၀ ပြည့်နှစ်မျှော်မှန်းချက်ကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် သဘာပတိ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ရန်ပြုနေသည့် အဖျက်သမားများ ပြည်တွင်းမှာရော ပြည်ပမှာပါရှိ အဖျက်သမား ပြည်သူ့ရန်သူများကို အနောက်နိုင်ငံတချို့က အဆိပ်ပင်ရေလောင်း မြောက်ပင့်အားပေးနေ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်အောင် တွန်းပို့နေသည့် ပြည်ပြေးဝရမ်းပြေးများကို ရှုတ်ချ



ရန်ကုန် ဩဂုတ် ၇

“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးကို ဩဂုတ် ၆ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အဆိုပါ လူထုအစည်းအဝေးသို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၈–၈–၂၀၀၅
(တနင်္လာနေ့)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြည်သူအားလုံး သတိပြုလက်တွဲဆောင်ရွက်

ကမ္ဘာ့ပတ်ဝန်းကျင်ရှိ လေထု၊ ရေထု၊ မြေထုနှင့် သဘာဝသယံဇာတပစ္စည်းများသည် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ လေထုနှင့်ရေထုသည် သက်ရှိများ အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ် လိုအပ်ချက် ဖြစ်သည်။ သို့သော်လိုအပ်သည်ထက် ပိုမိုရရှိလာလျှင်မူ သက်ရှိများအတွက် အန္တရာယ်ဆိုးကျိုးများ ဖြစ်ပေါ်စေသည်။

မိုးဦးလေဦးနှင့် မိုးတွင်းကာလများ၌ လေပြင်းများကျရောက်တတ်သည်။ မိုးသက်မုန်တိုင်းများ တိုက်ခတ်နိုင်သည်။ သဘာဝလေပြင်းမုန်တိုင်းများ ပြင်းထန်စွာတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများပြိုလဲခြင်း၊ အဆောက်အအုံများ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သည်။

အလားတူသက်ရှိများအတွက် အဓိကဖြစ်သည့် သောက်သုံးရေရှားပါးပြတ်လပ်သည့်အခါမျိုးတွင် လူသားများ၊ သတ္တဝါများ ရောဂါဘယဖြစ်ပွားခြင်း၊ သေဆုံးခြင်းများဖြစ်ပေါ်လေ့ရှိသည်။ ကမ္ဘာပေါ်ရှိ အချို့ဒေသများတွင် မိုးခေါင်ရေရှားဖြစ်ပေါ်မှုကြောင့် သစ်တောသစ်ပင်များပျက်စီးခြင်း၊ တောမီးလောင်ခြင်း၊ စိုက်ပျိုးသီးနှံများ ရေမရ၍ သီးနှံမဖြစ်ထွန်းခြင်းများ နှစ်စဉ်ကြုံတွေ့ကြရသည်။

ယခုရက်ပိုင်းအတွင်း ကမ္ဘာ့အချို့ဒေသများ၌ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ ထူးကဲဒီရေတက်ခြင်း၊ မြစ်၊ ချောင်းများရေကြီးခြင်း၊ မြို့ရွာပတ်ဝန်းကျင်၌ ရေလွှမ်းမိုးခြင်းများဖြစ်ပေါ်ကာ ပြည်သူအများ သေကျေဆုံးရှုံးမှုများဖြင့် တွေ့ကြုံနေကြရကြောင်း တွေ့မြင်ကြားသိနေရသည်။

မြန်မာနိုင်ငံမြောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများ၌လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်၊ ချောင်းများရေကြီးခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်၊ ချောင်း၊ ကမ်းနားပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ဒီရေတက်မှုအခြေအနေ၊ မြစ်ရေကြီးမှု သတိပေးချက်များကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ တစ်ဆင့်ကြည့်ရှု၍ လိုအပ်သည့် ကြိုတင်ကာကွယ်မှု အစီအစဉ်များ ပြုလုပ်စီမံထားသင့်ပေသည်။

မိမိတို့ဒေသအလိုက် သဘာဝရေဘေးအန္တရာယ်နှင့် တွေ့ကြုံရသည့်အခါ ကြိုတင်ကာကွယ်နိုင်ရန် မြစ်ရေတား တာပေါင်ရိုးများကို မပြတ်ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်ပါက အသုံးပြုနိုင်ရန် သဲအိတ်၊ ကျောက်အိတ်များ စုဆောင်းထားရှိခြင်း၊ ဖွဲ့စည်းထားသော မြို့ရွာရေဘေးကာကွယ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးအဖွဲ့များအနေဖြင့် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ခြင်းစသည့်လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ကြရမည် ဖြစ်သည်။

မိုးရာသီကာလအတွင်း ရေကြောင်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းဌာနအဖွဲ့အစည်းများ၊ ပင်လယ်ပြင် ရေလုပ်သားများ အနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသော သတိပေးနှိုးဆော်ချက်များကို ချိန်ခါမလပ် အလေးထားကြည့်ရှုမှတ်သားကာ သယ်ယူပို့ဆောင် ခုတ်မောင်းပျံသန်းကြရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မရှိစေရေးအတွက် လိုအပ်သည့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် နိုးကြားတက်ကြွစွာ သတိပြု လက်တွဲ ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီးဦးအောင်သောင်း မန္တလေးစက်မှုဇုန်များ စစ်ဆေး စက်များတပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်လည်ပတ်မှု ကြည့်ရှု

ရန်ကုန် ဩဂုတ် ၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များသည် ဩဂုတ် ၅ရက်က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်းရှိ Foundry Shop & Heat Treatment **အဆောက်အအုံသို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ မန္တလေး တော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က Foundry Shop တည်ဆောက်ပြီးစီးမှု၊ စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်များစမ်းသပ် လည်ပတ်မှု အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေအားဖြင့် သဲပုံထောင်းခြင်း လုပ်ငန်းများနှင့် သဲအခြောက်ခံစက်ဖြင့် သဲအခြောက်ခံခြင်းလုပ်ငန်းများကို လည်းကောင်း၊ စီမံကိန်းဝင်းအတွင်းရှိ ကုန်ကြမ်းသိုလှောင်ရုံတည်ဆောက်မှု အခြေအနေများကို လည်းကောင်း၊ Melting Sectionရှိ သံရည်ကျိုခြင်းလုပ်ငန်းများ၊ Shake out Machine ဖြင့် ကျိုပြီး သံရည်များကို သဲပုံလောင်းခြင်း လုပ်ငန်းများနှင့် ဓာတုဗေဒနည်းစဉ်ဖြင့် သဲပုံထောင်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ Shot Turnblast Machine စက်များ တပ်ဆင်ပြီးစီးမှုနှင့် ပုံကြမ်းလောင်းပြီး စက်အစိတ်အပိုင်းများ အချောကိုင်ခြင်းလုပ်ငန်းများနှင့် စက်များ စမ်းသပ်လည်ပတ်မှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် Machine Moulding Sectionသို့ ရောက်ရှိ၍ သန့်စင်ပြီး သဲများကို စက်ဖြင့် ပုံလောင်းခြင်း လုပ်ငန်းများ၊ Forging House ၌ (400) Ton Press စက်များ တပ်ဆင်ပြီးစီးမှု၊ Heating Furnace နှင့် (၁) Ton Drop Huammer စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ အမှတ်(၂) Machine Shop ၌ မော်တော်ယာဉ် ဂီယာများ ပြုလုပ်သော စက်များတပ်ဆင်ပြီးစီးမှု၊ အကြမ်းထည်များကို အချောထည် ထုတ်လုပ်သည့်စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေများကိုလည်း ကောင်း ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်း၏ သံရည်ကျို၊ စက်ခုတ်စားစက်ရုံများ တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်၌ မန္တလေး တော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊စက်မှုဇုန်ကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မန္တလေးတော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က Machine Shop အမှတ်(၁)နှင့်အမှတ်(၂)၊ Forging Shop & Heat Treatment၊ Foundry Shop များတည်ဆောက် ပြီးစီးမှုများ၊ ပြည်ပမှ စက်များရောက်ရှိမှုနှင့် ကဏ္ဍအလိုက် စက်များတပ်ဆင် ပြီးစီးမှု၊ စက်များ စမ်းသပ်လည်ပတ်မှုနှင့် စက်အပိုပစ္စည်းများ ထုတ်လုပ်မှုများ စသည်တို့ကိုလည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးဇော်ဝင်းနှင့် ဦးအောင်မိုးတို့က ကဏ္ဍာရပ် တစ်ခုချင်းအလိုက် လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ စေတနာကို လေးစားသောအားဖြင့် စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းအောင်မြင်ရေးအတွက် ရည်မှန်းချက်များအပေါ် အလေးထား၍ စုပေါင်းဆောင်ရွက်သွားရေး၊ စက်ကိုင်တွယ်မှု ကျွမ်းကျင်ရေးအတွက် လေ့ကျင့်ပညာပေးသွားရေး၊ နိုင်ငံတော်၏ မူဝါဒကို လေးစားလိုက်နာဆောင်ရွက်ရေး စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း ၊ ခရိုင်၊ မြို့နယ် ခုနစ်မြို့နယ်နှင့် မတ္တရာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ကျေးရွာ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

ယင်းနောက် အတွင်းရေးမှူး၊ ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ အဖျက်အမှောင့်ကိစ္စရပ်များကို ပြည်သူတို့နှင့် အတူ တွန်းလှန်သွားရေး စသည်ဖြင့် ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ ဝန်ကြီးဦးညာဏ်ဝင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဆီအမ်ရိမြို့၌ ဩဂုတ် ၃ရက်မှ ၅ရက်အထိ ကျင်းပခဲ့သော ရောဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ(အက်မက်စ်)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီးဦးညာဏ်ဝင်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် အက်မက်စ် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့်နှစ်နှစ်တာကာလအတွင်း ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြသည်။ ထိုသို့ သုံးသပ်ကြရာတွင် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍကြီးငါးခုဖြစ်သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေးနှင့်စက်မှု၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တိုးတက်မှုရှိသည်ကို အသိအမှတ်ပြုကြပြီး ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ သတ်မှတ်ဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။

ငါးနိုင်ငံစလုံးနှင့် သက်ဆိုင်သည့် ဘုံလုပ်ငန်းများအတွက် ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်နိုင်ငံများထံမှ အကူအညီများရယူ၍ ပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့နှင့် ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့က အက်မက်စ်လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ကူညီကြမည်ဖြစ်သည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်း

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်း သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက် နံ့သာကုန်း (၃)လမ်း ရွှေနံ့သာ ပရိယတ္တိကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် ၁၀ရက် တရားစခန်းပွဲကို ဩဂုတ် ၂၀ ရက်မှ ဩဂုတ်၂၉ ရက်အထိ ကျင်းပမည် ဖြစ်သည်။

ယင်းစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ရွှေနံ့သာ အရှင်ဉာဏောဘာသနှင့် ဆရာဦးသန့်ဇင် (အဖွဲ့ချုပ်) တို့က ဟောကြားမည် ဖြစ်သည်။

တရားဝင်မည့် ယောဂီများ ဩဂုတ် ၁၉ရက် ညနေအရောက် ကြွရောက်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

အရှေ့တောင်အာရှနိုင်ငံများအားလုံး တက်ညီလက်ညီ ပေါင်းစည်းထားသော အာဆီယံလူ့အဖွဲ့အစည်းတစ်ရပ် မလွဲမသွေ ဖြစ်ပေါ်လာမည်ဟုယုံကြည်

✪ ရှေ့ဖုံးမှ

ချမှတ်ကာ အာဆီယံ လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း၊ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း စသည့် မဏ္ဍိုင်ကြီး သုံးရပ်ကို အခြေခံသည့် အာဆီယံလူ့အဖွဲ့အစည်း အသိုက်အဝန်းထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယနေ့ အာဆီယံသည် အကျယ်အဝန်း ၄ဒသမ၅သန်း စတုရန်းကီလိုမီတာရှိသည့် ဧရိယာအပေါ်တွင် လူဦးရေသန်းပေါင်း ၅၄၀မျှ ရှိသည့် လူ့အသိုက်အဝန်းတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံး၏ စုစုပေါင်းဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၇၂၃ ဘီလီယံကျော်မျှရှိလျက် အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံး၏ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂၀ ဘီလီယံမျှရှိပါသည်။ အာဆီယံအဖွဲ့ကြီးသည် ဒေသဆိုင်ရာအုပ်စုများတွင် အတိုးတက်ဆုံးနှင့် စုစည်းမှုအရှိဆုံး ဒေသအုပ်စုတစ်ခုအဖြစ် ပေါ်ထွန်းလာလျက်ရှိပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် အရေးပါသည့် ဒေသဆိုင်ရာနိုင်ငံရေး အုပ်စုကြီးတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်သာမက အေအာရ်အက်ဖ်၊ အာဆမ်စသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် အဓိက အခန်းမှ ပါဝင်လျက်ရှိပါသည်။

အာဆီယံအဖွဲ့ကြီးသည် နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် အဓိကကျင့်ဝတ်များ ဖြစ်သည့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အချုပ်အခြာအာဏာတန်းတူရည်တူရှိမှု၊ လွတ်လပ်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားမှု၊ နိုင်ငံတိုင်း၏ အမျိုးသားရေးရပ်တည်မှုကို ပြည်ပဖိအားပေးမှုများ၊ ပြည်ပဝင်ရောက်စွက်ဖက်မှုများ ကင်းရှင်းစွာဖြင့် ရပ်တည်ခွင့်ရရှိနိုင်မှု၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးတွင် တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်မှု၊ အငြင်းပွားမှုနှင့် ပဋိပက္ခများကို ငြိမ်းချမ်းစွာ အဖြေရှာမှု၊ ခြိမ်းခြောက်မှုနှင့် အင်အားသုံးမှုများကို စွန့်လွှတ်မှု၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှု စသည့်မူကြီးများ ပါဝင်သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို အသင်းကြီး၏ အခြေခံမူဝါဒဘောင်အဖြစ် ချမှတ်နိုင်ခဲ့ပါသည်။

၂၀၀၃ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း ထိပ်သီးအစည်းအဝေးကြီးသည် အာဆီယံနိုင်ငံများ ပေါင်းစည်းရေးအတွက် သမိုင်းမှတ်တိုင်တစ်ရပ်ကို ချမှတ်နိုင်သည်ဟု ဆိုနိုင်ပါသည်။ အာဆီယံနိုင်ငံခေါင်းဆောင်များ ချမှတ်ခဲ့သည့် ဘာလီသဘောတူညီချက် အမှတ်(၂)သည် အာဆီယံလူ့အသိုက်အဝန်းတစ်ရပ်ကို အခြေခံမဏ္ဍိုင်ကြီးသုံးရပ်ဖြင့် ထူထောင်မည့် ပေါင်းစည်းမှုကို စတင်နိုင်ခဲ့ပါသည်။ အာဆီယံပေါင်းစည်းရေး၏ ပထမမဏ္ဍိုင်ဖြစ်သော အာဆီယံလုံခြုံရေး အသိုက်အဝန်းသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဒီမိုကရေစီရှိမှုနှင့် သာယာဝပြောမှုများ ရှိစေမည့် အလုံးစုံပြည့်ဝသော လုံခြုံမှုရှိသည့် အသိုက်အဝန်းတစ်ရပ် ထူထောင်နိုင်ရေးကို ရည်ရွယ်ပါသည်။ ဒုတိယမဏ္ဍိုင်ဖြစ်သည့် အာဆီယံစီးပွားရေး အသိုက်အဝန်း၏ အန္တိမရည်မှန်းချက်မှာ ၂၀၂၀ပြည့်နှစ်တွင် အာဆီယံဒေသတစ်ခုလုံး အကျုံးဝင်သည့် တလုံးတစည်းတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုစနစ်အခြေခံကို ထူထောင်ရန်ဖြစ်ပါသည်။ တတိယမဏ္ဍိုင် ဖြစ်သည့် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းထူထောင်မှုတွင် အာဆီယံဒေသအတွင်းရှိ ပြည်သူအားလုံး၏ လူမှုအဆင့်အတန်းကို မြှင့်တင်ခြင်းနှင့် ပြည်သူများအပေါ် ဗဟိုပြုသည့် ယဉ်ကျေးမှုဓလေ့စရိုက် လက္ခဏာများကို ခိုင်မာစေရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

အာဆီယံအဖွဲ့ကြီးသည် အာဆီယံလူ့အသိုက်အဝန်းအဖြစ် ပေါင်းစည်းရေးလုပ်ငန်းများကို ဗီယင်ကျန်းလုပ်ငန်း အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံနိုင်ငံများ အချင်းချင်း ဖွံ့ဖြိုးမှုအဆင့်ကွာဟမှုကို လျော့နည်းစေရန်လည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ဖွံ့ဖြိုးမှုအဆင့် ကွာဟမှုကို လျော့နည်းစေရန် ကြိုးပမ်းမှုတွင် အာဆီယံနိုင်ငံများအချင်းချင်း တစ်ဦးကျဝင်ငွေကွာဟမှုကို လျော့နည်းစေခြင်း အပြင် အခြားလူ့ဖွံ့ဖြိုးမှု ကွာဟမှုများကိုလည်း လျော့နည်းစေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံ ၂၀၂၀ပြည့်နှစ် မျှော်မှန်းချက်နှင့်အညီ စာနာထောက်ထားမှု ဗြဟ္မစိုရ်တရားများ ထွန်းကားသည့် လူမှု အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြလျက်၊ အရှေ့တောင်အာရှနိုင်ငံများအားလုံး တက်ညီလက်ညီ ပေါင်းစည်းထူထောင်ထားရှိသော အာဆီယံလူ့အဖွဲ့အစည်းတစ်ရပ် မလွဲမသွေ ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါသည်။

အာဆီယံအဖွဲ့ကြီး၏ ရည်ရွယ်ချက်များ၊ မျှော်မှန်းချက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရပ်တည်ချက်များနှင့် ကိုက်ညီမှုရှိသည်နှင့်အညီ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီးတွင် ၁၉၉၇ ခုနှစ်မှစတင်၍ တင်းပြည့်အဖွဲ့ဝင်အဖြစ်ပါဝင်လျက် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုတိုးတက်ရေးတို့အတွက် အထောက်အကူပြုသကဲ့သို့ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာဝပြော၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ထူထောင်မှုအတွက်လည်း တစ်ဖက်တစ်လမ်း အထောက်အကူပြုလျက်ရှိနေပါသည်။

အာဆီယံသွေးစည်းညီညွတ်မှုစိတ်ဓာတ်ကို အခြေခံကာ မြန်မာနိုင်ငံသည် အာဆီယံ နိုင်ငံများနှင့် ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည် သဘောပေါက်မှုများကိုရရှိရန် မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ဒေသဆိုင်ရာ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် ချမ်းသာကြွယ်ဝမှုများအတွက်လည်း အထောက်အကူပြုလျက်ရှိပါသည်။

အာဆီယံ လူ့အသိုက်အဝန်းတစ်ရပ်ပေါ်ထွန်းမှုသည် မြန်မာနိုင်ငံရှိ ပြည်သူပြည်သားများအတွက် အခြားသော အာဆီယံနိုင်ငံများမှ နိုင်ငံသားများနည်းတူ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ တိုးတက်စည်ပင်ဝပြောမှုနှင့် လူမှုရေး၊ ယဉ်ကျေးမှု တိုးတက်မှု စသည့် အသီးအပွင့်များကို ခံစားရယူနိုင်ကြမည်ဖြစ်သဖြင့် (၃၈)နှစ်မြောက် အာဆီယံနေ့အခါသမယတွင် အာဆီယံပြည်သူများ၏ **"အာဆီယံ ပြည်သူများ၏ အာဆီယံလူ့အဖွဲ့အစည်း ထူထောင်ခြင်း"** ဆောင်ပုဒ်နှင့်အညီ အာဆီယံ လူ့အသိုက်အဝန်းပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ဓာတ်မြေဩဇာစက်ရုံများစစ်ဆေး ဓာတ်မြေဩဇာအထွက်တိုးရေး ကြိုးစားခဲ့သောဝန်ထမ်းများအားဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်း၊ စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)သို့ သွားရောက်ပြီး ဓာတ်မြေဩဇာထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာဝန်ကြီးသည် စက်ရုံစုဝေးခန်းမ၌ကျင်းပသော ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဝန်ကြီးအား အမှတ်(၁)ဓာတ်မြေဩဇာစက်ရုံ စက်ရုံမှူး ဦးတင်မောင်ဆွေက စက်ရုံပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လက်ရှိထုတ်လုပ်နေမှုများကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရှိန်က စက်ပစ္စည်းများရောက်ရှိမှု၊ပြင်ဆင်မွမ်းမံမှုများဆောင်ရွက်နေမှုနှင့် လက်ရှိဓာတ်မြေဩဇာစက်ရုံ သုံးရုံ၏ ထုတ်လုပ်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက ပြောကြားရာတွင် ဓာတ်မြေဩဇာစက်ရုံများ၊ စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်မှ နိုင်ငံခြားငွေအကုန်အကျခံပြီး ယခုကဲ့သို့ အကြီးစားပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ လျာထားချက်ကို ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ကြိုးစားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မသမာမှုများ ပပျောက်စေရေးတို့အတွက် အသေးစိတ်မှာကြားပြီး ဓာတ်မြေဩဇာ အထွက်တိုးရေး ဆက်လက်ဆောင်ရွက်သွားရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ထို့နောက်ဝန်ကြီးသည် ဓာတ်မြေဩဇာ အထွက်တိုးရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးသည် စက်ရုံထိန်းချုပ်မှုအခန်းသို့သွားရောက်ပြီး စက်ရုံလည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေး၍ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားပြည့်မီစွာ ရရှိရေး၊ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ဓာတ်မြေဩဇာ စက်ရုံ(စလေ)၏ ဓာတ်မြေဩဇာ ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် အမှတ်(၂) ဓာတ်မြေဩဇာစက်ရုံ (ကျွန်းချောင်း)သို့ရောက်ရှိပြီး စက်ရုံစုဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ဝန်ကြီးအား စက်ရုံမှူး ဦးစိန်ဝင်းက စက်ရုံပြင်ဆင်မွမ်းမံနေမှုနှင့် လက်ရှိထုတ်လုပ်နေမှုတို့ကို ရှင်းလင်း တင်ပြရာ ဝန်ကြီးက စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ဓာတ်မြေဩဇာ အထွက်တိုးရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ပေးပြီး လျှပ်စစ်မီးခြိုးခြံချွေတာ သုံးစွဲကြရန်၊ ရိုးရိုးသားသားနှင့် အလုပ်ကြိုးစားကြရန် မှာကြားသည်။ ဝန်ကြီးသည် ဓာတ်မြေဩဇာ အထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသောဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံလည်ပတ်နေမှုနှင့် ဓာတ်မြေဩဇာ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မှာကြားခဲ့သည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမှတ်(၂) ဓာတ်မြေဩဇာ စက်ရုံ(ကျွန်းချောင်း) စက်ရုံမှ ဓာတ်မြေဩဇာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၈-၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အံ့မခန်းမြန်မာ့ပန်းပုပညာ လက်ရာရွှေကူတံကဲတော်ကြီး
၇း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	(၂၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြို အားကစားအဖွဲ့ချုပ်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (ရွက်လှေ)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	မြန်မာ့ဆေးဝါးအတွက် အားထားစရာလင်ဇီးမှို
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	Management Talk (2)
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	တံငါတံတား
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ဗွီစီဒီလိုင်းခတ်သံ (ခိုင်ထူး Best 1)
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	ပြည်သူ့အတွက်ကျန်းမာရေး (အရိုးကျီးပေါင်းတက်ရောဂါ မေးမြန်းခန်း)
၁၀း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀	FIFA World Sport (ဒုတိယပိုင်း)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ကျွန်းအထူးစိုက်ခင်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Internet 3 1/4/32, 11:12 PM

ဟီရိုရှီးမား အဏုမြူဗုံးဒဏ်ခံခဲ့ရမှု နှစ် (၆၀) ပြည့်မြောက် အထိမ်းအမှတ် အခမ်းအနားများတွင် ကမ္ဘာ့ပြည်သူများ ပါဝင်ဆင်နွှဲ

ဟီရိုရှီးမား(ဂျပန်) ဩဂုတ် ၆

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ အဏုမြူဗုံးဒဏ်ခံခဲ့ရမှု နှစ် (၆၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများကို အဆိုပါမြို့တွင် စနေနေ့က ကျင်းပရာ ကမ္ဘာ့တစ်ဝန်းမှ ပြည်သူများ ပါဝင်ဆင်နွှဲကြပြီး နျူကလီးယားလက်နက်များ ဖျက်သိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ကြသည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်က အဏုမြူဗုံး ကျရောက်ပေါက်ကွဲခဲ့ရာ နေရာအနီးရှိ ငြိမ်းချမ်းရေးအမှတ်တရ ဥယျာဉ်တွင် ကျင်းပသည့် အထိမ်းအမှတ် အခမ်းအနားသို့ အဏုမြူဘေးဒဏ်မှ လွတ်မြောက်ခဲ့သူများ၊ အဏုမြူဘေးဒဏ်ကို ခံစားခဲ့ရသူများ၏ မိသားစုဝင်များနှင့် ကမ္ဘာတစ်ဝန်းမှ ပြည်သူများ တက်ရောက်ကြသည်။

ပါဝင်

မြို့တော်တိုကျို အနောက်တောင်ဘက် မိုင် ၄၃၀ အကွာ ဟီရိုရှီးမားမြို့တွင် ကျင်းပသော နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသော ပုဂ္ဂိုလ်များတွင် ဝန်ကြီးချုပ် ဂျွန်နီချီရော ကိုအိဇူမိလည်း ပါဝင်သည်။

မေတ္တာပို့

ဟီရိုရှီးမားမြို့ပေါ်သို့ အမေရိကန် ဘီ-၂၉ စစ်လေယာဉ် "အင်နိုလာဂေး" က အဏုမြူဗုံး ကြဲချချိန်ဖြစ်သည့် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ငြိမ်းချမ်းရေး အမှတ်တရ ဥယျာဉ်အတွင်း ရောက်ရှိနေသူများက တစ်မိနစ်ကြာမျှ ငြိမ်သက်စွာရပ်လျက် စုပေါင်းမေတ္တာပို့သခဲ့ကြသည်။

အဏုမြူဗုံး ကျရောက်ပေါက်ကွဲသည့်အချိန်ကို အထိမ်းအမှတ်ပြုကာ ဘုရားကျောင်းများက ငြိမ်းချမ်းရေးခေါင်းလောင်းထိုးခြင်း၊ ပြည်သူများက ရောက်ရှိသည့်နေရာတွင် ငြိမ်သက်စွာရပ်ကာ ဦးညွှတ်အလေးပြုခြင်းတို့ ပြုလုပ်ကြသည်။ ဟီရိုရှီးမားမြို့ပေါ်သို့ ကျရောက်ခဲ့သည့် အဏုမြူဗုံးဒဏ်ကြောင့် ၁၉၄၅ ခုနှစ် နှစ်ကုန်ချိန်အထိ ယင်းမြို့နေ ပြည်သူ ၃၅၀၀၀၀ အနက် ၁၄၀၀၀၀ ခန့် သေဆုံးခဲ့ရပြီး နောက်ပိုင်းကာလတွင်လည်း ဓာတ်ရောင်ခြည်သင့် ခံခဲ့ရသူ လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် လမ်းဘေးဗုံးပေါက်ကွဲ၊ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ကဘူး ဩဂုတ် ၆

လာမည့်လတွင် ကျင်းပရန်ရှိသည့် အာဖဂန်ရွေးကောက်ပွဲအကြိုကာလတွင် အာဖဂန် တိုက်ခိုက်ရေးသမားများသည် လှုပ်ရှားမှုအရှိန် မြှင့်တင်နေကြစဉ် လမ်းဘေးဗုံးတစ်လုံးကို ဖောက်ခွဲတိုက်ခိုက်ခဲ့သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားရကြောင်း စစ်ဘက်မှလာသော သောကြာနေ့သတင်းတွင် ဖော်ပြထားသည်။

ပတ္တိကာအရှေ့တောင်ဘက်အရပ်တွင် ကြာသပတေးနေ့က အမေရိကန်စစ်ယာဉ်ကို ရည်ရွယ်ကာ ဖောက်ခွဲခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်အမျိုးသားတပ်ဖွဲ့နှင့် အခြားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုမှ လူနှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြသည်။

တာလီဘန်အစိုးရကို အမေရိကန်တပ်ဖွဲ့များက ၂၀၀၁ ခုနှစ်တွင် ဖြုတ်ချခဲ့ပြီးနောက်ပိုင်း ယခုနှစ်သည် ထိုနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အသေအပျောက် အများဆုံး အခြေအနေသို့ မြင့်တက်လာသည်။ ယခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၇ ဦးသေဆုံးခဲ့ရပြီးဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း တာလီဘန်များ ကြီးစိုးရာဒေသ၌ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် လူရာပေါင်းများစွာတို့ အသက်ဆုံးရှုံးခဲ့ရကြောင်း သတင်းများက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဒုတိယဝန်ကြီးချုပ်၏လက်ထောက် ဘဂ္ဂဒက်တွင် လုပ်ကြံခံရ

ဘဂ္ဂဒက် ဩဂုတ် ၆

အီရတ်ဒုတိယဝန်ကြီးချုပ် အာမက် ချာလာဘီ၏ လက်ထောက်အဖြစ် လုပ်ကိုင်နေသူကို ဩဂုတ် ၄ ရက်တွင် သေနတ်သမားများက ပစ်ခတ်လုပ်ကြံခဲ့ကြသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှလာသော သတင်းများက ဖော်ပြသည်။

၎င်းသည် အီရတ်အမျိုးသား ကွန်ဂရက်၏ ပြည်သူ့ဆက်ဆံရေးဌာန အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသော ဟာဒါးမိုဟာမက်အလီ အယ်လ်ဒူဂျာလီဖြစ်သည်။ ဘဂ္ဂဒက်မြို့အရှေ့တောင်ပိုင်းရှိ ၎င်း၏နေအိမ်တွင် ကြာသပတေးနေ့ နံနက် ၅ နာရီတွင် သေနတ်သမားများက လာရောက်သတ်ဖြတ်သွားကြခြင်း ဖြစ်ကြောင်း သိရသည်။

အီရတ် အမျိုးသားကွန်ဂရက်သည် ချာလာဘီဦးဆောင်သော နိုင်ငံရေးပါတီဖြစ်သည်။ အလားတူ ပစ်ခတ်မှုမျိုးကို လွန်ခဲ့သော လေးရက်ကလည်း ပြုလုပ်ခဲ့ရာ ချာလာဘီ၏ သက်တော်စောင့်တစ်ဦး သေဆုံးခဲ့ရသည်။

ချာလာဘီသည် တစ်ချိန်က အမေရိကန်စစ်ဌာနချုပ်နှင့် အလွမ်းသင့်ခဲ့သူဖြစ်သည်။ သို့ရာတွင် အမေရိကန်နှင့် နောက်ပိုင်းတွင် အဆင်မပြေဖြစ်ခဲ့ပြီး နိုင်ငံပြင်ပသို့ ထွက်သွားခဲ့သေးသော်လည်း ယခင်နှစ် ဧပြီလကမှ အီရတ်သို့ ပြန်လည်ဝင်ရောက်လာသူဖြစ်သည်။ တစ်ချိန်က ၎င်းကို အီရတ်နိုင်ငံ၏ ခေါင်းဆောင်ဖြစ်လာနိုင်သူတစ်ဦးအဖြစ် ရှုမြင်ထားခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် ၁၈၂၇ ဦး သေဆုံး

ဝါရှင်တန် ဩဂုတ် ၆

အမေရိကန် ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံကို စတင်ကျူးကျော်တိုက်ခိုက်ကာ နိုင်ငံကို သိမ်းပိုက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ယနေ့အထိ အီရတ်တွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် သေဆုံးရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၁၈၂၇ဦး ရှိခဲ့ကြောင်း အေပီသတင်းဌာန၏ မှတ်တမ်းများကဖော်ပြသည်။

အမေရိကန်စစ်ဘက်မှ ထုတ်ပြန်သော ကြေညာချက်၌မူ တိုက်ခိုက်မှုများကြောင့် သေဆုံးရသော တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၄၁၁ ဦး ရှိသည်ဟု ဆိုသည်။ ထိုကိန်းဂဏန်းတွင် တာဝန်ထမ်းရင်း သေဆုံးခဲ့သည့် အရပ်ဘက် စစ်ဝန်ထမ်းများ၏ စာရင်းလည်းပါဝင်ကြောင်း သိရသည်။ အေပီသတင်းဌာန၏ အသေအပျောက် စာရင်းသည် ကန်စစ်ဘက်က ထုတ်ပြန်သော စာရင်းထက် သေဆုံးသူဦးရေတွင် လေးဦးပိုမိုများပြားသည်။

အလားတူကာလအတွင်း အီရတ်စစ်မြေပြင်၌ ဗြိတိန်တပ်ဖွဲ့ဝင် ၉၃ ဦး၊ အီတလီ ၂၆ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၁၇ ဦး၊ ဘူဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ ဦး၊ စလိုဗက်ကီးယား သုံးဦး၊ အယ်ဆာဗေဒို၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန်နှစ်ဦးစီနှင့် ဒိန်းမတ်၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတစ်ဦးစီတို့ အသီးသီး သေဆုံးခဲ့ကြရပြီးဖြစ်သည်။

အမေရိကန်သမ္မတ ဘုရှ်က အီရတ်တွင် အဓိကစစ်ပွဲကြီး ပြီးဆုံးကြောင်း ၂၀၀၃ ခုနှစ် မေလ ၁ ရက်တွင် ကြေညာခဲ့သော်လည်း ခုခံဆန့်ကျင်တိုက်ခိုက်မှုများရှိခဲ့သဖြင့် ထိုခုခံမှုများအတွင်း ဆက်လက်သေဆုံးရသော ကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်းမှာ ၁၆၈၈ဦး ရှိပြီဖြစ်သည်။ ယင်းအနက် ဆန့်ကျင်တွန်းလှန်သော တိုက်ခိုက်မှုများကြောင့် သေဆုံးရသော ကန်တပ်ဖွဲ့ဝင်ဦးရေသည် အနည်းဆုံး ၁၃၀၂ ဦးရှိကြောင်း ကန်စစ်ဘက်က ဖော်ပြခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ အာရစ်ဂျ်မြို့တွင် ကင်းလှည့် စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တီကရစ် ရဲစခန်းကို ကားဗုံးဖောက်ခွဲတိုက်ခိုက် အနည်းဆုံး နှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

တီကရစ် ဩဂုတ် ၇

အီရတ်နိုင်ငံမြောက်ပိုင်း တီကရစ်မြို့ရှိ ရဲတပ်ဖွဲ့ဌာနချုပ်ကို ယနေ့တွင် ထရပ်ကားဗုံးဖြင့် တိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံးရဲတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိသွားကြောင်း ဆေးရုံနှင့် ရဲတပ်ဖွဲ့မှ လာသော သတင်းများ အရသိရသည်။

လောင်စာဆီများတင်လာသော ထရပ်ကားငယ်တစ်စီးသည် ရဲစခန်းဌာနချုပ်ဆီသို့ အရှိန်ဖြင့် မောင်းနှင်လာသည့်အတွက် အစောင့်များက ဝိုင်းဝန်းပစ်ခတ်ခဲ့ကြစဉ် ရဲစခန်းရှေ့ရှိ သဲအိတ်အကာအရံများကို တိုက်မိပြီးနောက် မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

တူနီးရှားလေယာဉ် အီတလီကမ်းလွန်တွင် ပျက်ကျ လူ ၁၄ဦး သေဆုံးပြီး အချို့ပျောက်ဆုံးနေ

ရောမ ဩဂုတ် ၇

အီတလီနိုင်ငံတောင်ပိုင်း ဘာရီမြို့မှ တူနီးရှားနိုင်ငံဆီသို့ ဦးတည်ပျံသန်းသွားသော ခရီးသည် ၃၅ဦးနှင့် လေယာဉ်အဖွဲ့သား လေးဦး လိုက်ပါလာသည့် တူနင်တာရာလေကြောင်းလိုင်းပိုင် လေယာဉ်သည် စစ်စလီကျွန်းမြောက်ပိုင်း ပင်လယ်ပြင်ထဲသို့ ဩဂုတ် ၆ရက်က ပျက်ကျခဲ့ရာ အနည်းဆုံးခရီးသည် ၁၄ဦး သေဆုံးသွားကြောင်း အန်ဆာသတင်းဌာနက ပြောကြားသည်။

ပျက်ကျသွားသော လေယာဉ်တွင် လိုက်ပါသွားသူများအားလုံး လိုလိုမှာ အီတလီလူမျိုးများဖြစ်ကြပြီး ယင်းတို့အနက် လူ ၂၀မှာ လွတ်မြောက်သွားခဲ့သော်လည်း ငါးဦး ပျောက်ဆုံးနေဆဲဖြစ်သည်။ အဖြစ်ဆိုးနှင့် ကြုံရသည့် လေယာဉ်မှာ အေတီအာရ်-၇၂ တာဘိုပရော့ပ်လေယာဉ်အမျိုးအစားဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါရီမြို့ မြေအောက်ရထား မီးလောင်မှုဖြစ်

ပါရီ ဩဂုတ် ၇

ပြင်သစ်နိုင်ငံ ပါရီမြို့မြောက်ပိုင်းတွင် ဩဂုတ် ၆ရက်က မြေအောက်ရထားတစ်စီးအတွင်း လျှပ်စစ်ဝါယာကြိုးရှော့ဖြစ်သည့်အတွက် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၁၀ဦးကျော်အား မီးခိုးများ ရှူရှိုက်မိသည့်အတွက် ဝေဒနာမှ သက်သာရာရစေရန် ဆေးရုံတင်၍ ကုသမှုပေးခဲ့ရကြောင်း ပါရီသယ်ယူပို့ဆောင်ရေးမှ အာဏာပိုင်တစ်ဦးက ပြောကြားသည်။

အခင်းဖြစ်ပွားမှုကြောင့် လောင်ကျွမ်းသောမီးကို ငြိမ်းသတ်နိုင်ခဲ့သော်လည်း ပါရီမြို့မြောက်ပိုင်းနှင့် တောင်ပိုင်းမြေအောက်ရထားလမ်း အဆက်အသွယ်များ ပြတ်တောက်ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗန်ကောက်မြို့ မူလတန်းကျောင်းတွင် ကလေးများ အစာအဆိပ်သင့်

ဗန်ကောက် ဩဂုတ် ၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ပါထိုင်းအူဒုန်စုခ်စ မူလတန်းကျောင်းမှ ကလေးငယ် ၁၄၀ခန့်သည် ကျောင်းတွင် ကျွေးမွေးသော နေ့လယ်စာကြက်သားပြုတ်ကို စားပြီးနောက်အစာအဆိပ်သင့်သည့် ဝေဒနာများ ခံစားကြရသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း ဒေသခံသတင်းများက ဖော်ပြကြသည်။

ကလေးများ ထိုသို့ ဖြစ်ရခြင်းမှာ အစားအစာတွင် စတက်ဖလိုကိုးကတ်ပိုး အနည်းငယ်ပါသွားမှုကြောင့် ဖြစ်ရသည်ဟု ယူဆထားပြီး အစားအစာ၊ ဆီး၊ သွေးနှင့် ဝမ်းတို့ကို ဓာတ်ခွဲခန်းသို့ ပို့ကာ စစ်ဆေးထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

❀ **ကျောဖုံးမှ**

ဓမ္မမေဒိနီစာသင်တိုက်၌ မွန်းလွဲ ၁နာရီတွင် ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒထံမှ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီး နေဝင်းတို့က ဇမ္ဗူအေးကျောင်းတိုက် နာယက ဆရာတော်၊ သီလရှင်စာသင်တိုက်များမှ ပဓာန နာယက သီလရှင် ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို ဆရာတော် သံဃာတော်တို့အား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြင့်မြတ် ဆန်စပါးစိုက်ပျိုးရေး လုပ်ငန်း၊ အိုကေဆန်ပွဲရုံ၊ မှန်ချိုဆေးတိုက်၊ ကေသီပန် တိုင်းရင်းဆေး၊ ထွန်းရွှေဝါဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ စန္ဒီပရဆေးလုပ်ငန်း၊ မြန်မာရေထွက်ပစ္စည်းထုတ်လုပ်သူ များနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ သမားတော်ကြီး ဦးရွှေမြ–ဒေါ်ခင်ယုံ မိသားစု၊ ဦးမင်းဇော်–ဒေါ်မြင့်မြင့်ခိုင် ရွှေကမ္ဘာစတိုး၊ အလင်းရောင်ဆေးတိုက် မိသားစုအပါအဝင် အလှူရှင်များက ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်၊ဆီ၊ ဆား၊ တိုင်းရင်းဆေး၊ ပဲနှင့် ငါးခြောက်တို့ကို ဆက်ကပ် လှူဒါန်းကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆွမ်းပဒေသာပင်

ထို့နောက် အလှူရှင်များက ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၂၀၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၅၀၀၀၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၅၀၀၀၀၀၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ငွေကျပ် ၃၀၀၀၀၀၊ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေး ညွှန့် ဘီတီဘီကုမ္ပဏီက ငွေကျပ် ၁၅၀၀၀၀၊ ဦးတင်ဝင်း– ဒေါ်စန်းစန်းဝင်း မြန်မာပြည်သားဟော့ကုမ္ပဏီက ငွေကျပ် ၃၀၀၀၀၀၊ ဝင်းရတနာခရီးသည် ပို့ဆောင်ရေးလုပ်ငန်းက ငွေကျပ် ၂၀၀၀၀၀၊ဦးသန်းမောင်–ဒေါ်ငွေကြည်(ချမ်းမြေ့ စတိုး) မြောက်ဥက္ကလာပက ငွေကျပ် ၂၂၅၀၀၀၊ ဦးသန်းနိုင်– ဒေါ်ကြည်ကြည်ဆွေ မိသားစု သမ္မတသက်န်းတိုက်နှင့် ဦးနိုင်ဝင်း–ဒေါ်ခင်မိုးဆွေ မိသားစု ရွှေဝင်းကုမ္ပဏီတို့က ငွေကျပ် ၂၁၀၀၀၀စီ၊ ဆန်းမြန်မာ ကုမ္ပဏီက ငွေကျပ် ၁၅၀၀၀၀၊ ဦးမောင်မောင်နှင့်ညီများ ဂရိတ်ဝေါတိုင်းရင်းဆေး က ငွေကျပ် ၂၀၀၀၀၀၊ မြင့်မြတ်ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ ထွန်းရွှေဝါဆေးတိုက်နှင့် ထက်လင်းဆေးတိုက်တို့က ငွေကျပ် ၁၀၀၀၀၀စီ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက ငွေကျပ် ၁၀၅၀၀၀၊ မှန်ချိုဆေးတိုက်က ငွေကျပ် ၅၂၀၀၀၊ ကေသီပန် တိုင်းရင်းဆေးလုပ်ငန်းက ငွေကျပ် ၅၀၀၀၀၊ မြောက်ဥက္ကလာပစက်မှုဇုန်မှ အလှူရှင် ၂၅ဦးတို့က ငွေကျပ် ၁၃၂၀၀၀၀၊ ရွှေပေါက်ကံစက်မှုဇုန်မှ အလှူရှင် ၄၃ဦးတို့က ငွေကျပ် ၁၀၀၀၀၀၀၊ မြောက်ဥက္ကလာပမြို့နယ်မှ အလှူရှင် ၄၄ဦးတို့က ငွေကျပ် ၉၄၀၀၀၀၊ ဦးခင်မောင်ဝင်း စူပါမီဂါ အင်ဂျင်နီယာ ဂရု(ပ်)က ငွေကျပ် ၃၀၀၀၀၀၊ ဦးဖေလှိုင် SSIဆေးဝါးထုတ်လုပ်ရေးက ငွေကျပ် ၃၀၀၀၀၀၊ ဦးဇော်ဝင်း–နေမင်းအောင် အထည်ချုပ်နှင့် ဦးသန့်ဇင်– တော်ဝင် ပြည်တွင်းဖြစ်မော်တော်ယာဉ်ထုတ်လုပ်ရေးတို့က ငွေကျပ် ၂၀၀၀၀၀စီ၊ ဦးအောင်ကြည်မြင့်–ဒေါ်မြစန်းကြည် မဟာတာယာရောင်းဝယ်ရေးက ငွေကျပ်၁၁၀၀၀၀၊ ဦးသန့်ဇင် ရွှေမြန်မာ မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ဦးသိန်းမြင့် ပစ်တိုင်းထောင် ဒန်အိုးစက်၊ Gold Rose CoffeeMix နှင့် ဦးဝင်းမြင့် ရွှေအိမ်စည် စားတော်ဆက်တို့က ငွေကျပ် ၁၀၀၀၀၀စီ၊ ဦးအောင်ကျော်ဦး – ဒေါ်ခင်စောလှဲ့ မြောက်ဥက္ကလာပက ငွေကျပ် ၈၀၀၀၀၊ ဦးခင်မောင်ဇင် ADK Washing၊ ဦးမာတင်–တက်နေမင်း ဒန်အိုးစက်၊ ဦးမောင်မောင်–အောင်ပန်းမြိုင် စက်မှုသံထည်လုပ်ငန်း၊ ဦးချိုအေးACA ဘော်ဒါဆောင်၊ (ဦးကျော်စိုး)–ဒေါ်ခင်စီ သံလွင်မိသားစုနှင့် ဒေါ်မို့မို့လွင် ဇင်ယော်ဖြူ အထည်ချုပ်တို့က ငွေကျပ် ၅၀၀၀၀စီ အပါအဝင် အလှူရှင် များက အလှူတော်ငွေ ကျပ် ၁၀၅၅၇၀၅၀ကို ပေးအပ်လှူဒါန်းကြပြီး အတွင်းရေး မှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများက စာသင်တိုက် များကိုယ်စား လက်ခံကြသည်။

ဆက်လက်၍ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ကာကွယ်ရေးဝန်ကြီးဌာန မှ ဗိုလ်မှူးကြီးအေးသော်က လျှောက်ထားသည်။

အမျှပေးဝေ

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒထံမှ အတွင်းရေး မှူး(၁)နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရွှေပေါက်ကံ ဝတ်ရွတ်အဖွဲ့က အရပ် ၁၀မျက်နှာဆုတောင်းမေတ္တာပို့သကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူ များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်း ပွဲတွင် အလှူရှင်များ လှူဒါန်းသော ဆွမ်းပဒေသာပင် အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ယနေ့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၅၂၆အိတ်၊ ဆီ ၂၁၅ ပိဿာ၊ ပဲ ၃၈၇ ပိဿာ၊ အိုင်အိုဒင်းဆား ပိဿာ ၄၃၀၀၊ သွားတိုက်ဆေးဘူး ၅၈၀၊ ငါးခြောက် ၁၀အိတ်၊ တိုင်းရင်းဆေးမျိုးစုံ ၅၃၆၂ ဘူးနှင့် အထုပ်၃၀၀၀ ၊ပဒုမ္မာဆပ်ပြာ အတောင့်၂၁၅၀၊ မွှေးဆပ်ပြာ ၂၁၅၀ နှင့် ဆွမ်းပဒေသာပင် အလှူငွေစုစုပေါင်း ကျပ် ၁၀၅၅၇၀၅၀ ဖြစ်သည်။

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အတွင်းရှိ စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆန်၊ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် ရွှေပြည်သာမြို့နယ် ရွှေဘုန်းရှိန်လမ်းရှိ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာစက္ကနှင့် အောင်ဆန်း တောရ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာ တော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုဇာတ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာစက္ကထံမှ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ပြည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

အစာအဆိပ်သင့်ဘေး ကင်းဝေးအောင် လိုက်နာဆောင်ရွက်

တင်လှိုင်(ကျန်းမာ)

လူသားတို့အတွက် စားရေးသည် အဓိကအကျဆုံးဖြစ်သည်။ အစားအစာသည် မရှိမဖြစ်ပစ္စည်းဖြစ်သည်။ လူသားတို့သည် ကိုယ်ခန္ဓာကြီးထွားရေး၊ ရောဂါကာကွယ်တားဆီးရေး၊ သက်ရှည်ကျန်းမာ ရေးတို့အတွက် အစားအစာများ စားသုံးကြရာတွင် စားတတ်လျှင် ဆေးဖြစ်၍ အစားမတော်လျှင် ဘေးဖြစ်ကြရသည်။ ဆေးဖြစ်စေသည့် အကျိုးပြု အစားအစာသည် သန့်ရှင်းဘေးကင်းသည့် အစားအစာဖြစ်သည်။ ဘေးဖြစ်စေသည့် အစာသည် ရောဂါပိုးအဆိပ်၊ ဓာတုအဆိပ်များပါဝင်သည့် အစားအစာဖြစ်သည်။

“အစားအစာဆိုသည်မှာ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ သားငါး၊ နို့၊ ဥ၊ ရေ၊ ရေခဲ စသည်တို့ဖြင့် ပြုပြင်ချက်ပြုတ် ရောင်းချသော အစားအစာများ၊ အဖျော်ယမကာ၊ စည်သွတ်ဘူးနှင့် စားသုံးသည့် အခြားအစားအစာများကို ဆိုသည်”ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ၁၇–၁၂–၁၉၉၉ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာအမှတ်(၄/၉၉)၊ အခန်း(၁)၊ နည်းဥပဒေ(၂)၊ အပိုဒ်(ခ)တွင် ပြဋ္ဌာန်းထားသည်။

“အစားအသောက် စစ်ဆေးရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် စစ်ဆေးနိုင်ခွင့်ရှိသူသည် အစားအသောက်ထုတ်လုပ်သည့် သို့မဟုတ် ရောင်းချသည့် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးနိုင်သည်”ဟူ၍လည်း အခန်း(၃)၊ နည်းဥပဒေ(၁၁)၊ အပိုဒ်(ခ)တွင် တာဝန်အပ်နှင်းထားသည်။

ကျွန်ုပ်တို့ နေ့စဉ် စားသုံးနေကြရသည့် အစားအစာများကို နေအိမ်တွင် ချက်ပြုတ်ခြင်းဖြင့်လည်းကောင်း၊ ပြင်ပစားသောက်ဆိုင်များတွင် လွယ်လင့်တကူ ဝယ်ယူ၍လည်းကောင်း၊ အလှူမင်္ဂလာများ၌ ကျွေးမွေးရာတွင်လည်းကောင်း စားသောက်လေ့ရှိကြသည်။ အိမ်တွင် ချက်ပြုတ်စားသောက်ခြင်းက လူနည်းစုအတွက်ဖြစ်၍ စိတ်ကြိုက်သန့်စင်နိုင်သည်၊ ပြင်ဆင်နိုင်သည်၊ ထိန်းချုပ်ရန် လွယ်ကူသည်၊ ပြင်ပတွင် ဝယ်ယူရရှိသည့် အစားအစာ၊ အလှူမင်္ဂလာပွဲ အစားအစာများက မိမိစိတ်ကြိုက် သန့်စင်ပြုပြင် ချက်ပြုတ်ထားခြင်းမဟုတ်၊ စားသုံးသူ ကန့်သတ်ထားခြင်းမရှိ၊ ထိန်းချုပ်ရန် ကျယ်ပြန့်ခက်ခဲသည်။

အိမ်တွင် ချက်ပြုတ်စားသည့် အစားအစာမှလွဲ၍ ကျန်အစားအစာများကို ပြင်ပအစားအစာဟု ခေါ်သည်။ ပြင်ပအစားအစာတွင် “ခေါင်းရွက်ဗျပ်ထိုး၊ လမ်းဘေးတဲထိုး၊ လှည်း၊ ကားတို့ဖြင့်တင်၍ ရောင်းချသည့် အစားအစာများ၊ ဆိုင်ကြီးငယ် တည်ခင်းရောင်းချသည့် လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ အအေးဆိုင်၊ မုန့်ဆိုင်၊ စားတော်ဆက်၊ အင်း၊ ဟိုတယ်တို့မှသည် အလှူမင်္ဂလာ၊ ဧည့်ခံပွဲ စသည်တို့ ပါဝင်သည်။

ကမ္ဘာပေါ်ရှိ လူသားအားလုံး ပြင်ပအစားအစာနှင့် မကင်းကြပါ။ နေ့စဉ် တစ်မျိုးမျိုး စားသုံးနေကြပါသည်။ သန့်ရှင်းမှုမရှိသည့် အစားအသောက်ကို စားမိရာမှ ရံဖန်ရံခါ အစုလိုက်အပြုံလိုက် အစာအဆိပ်သင့်ကြရသည့် သတင်းများကို ကြားသိရသည်။ ထို့အတွက် ကျန်းမာရေးဝန်ထမ်းများသည် စားသောက်ဆိုင်များကို စနစ်တကျ စစ်ဆေးနေကြခြင်းဖြစ်သည်။ စစ်ဆေးရာတွင် အစားအသောက်အမျိုးအစားလိုက်၍ ဘေးအန္တရာယ်အပေးနိုင်ဆုံး အနေအထားကို ထိန်းချုပ်မိရန် လိုအပ်သည်။

အစားအစာများမှ ကူးစက်ဖြစ်ပွားသည့် ရောဂါများနှင့် အစာအဆိပ်သင့်ရောဂါတို့သည် ရောဂါပိုး၊ ဇီဝအဆိပ်အတောက်နှင့် ဓာတုပစ္စည်းတို့ကြောင့်သာ ဖြစ်ပွားရသည်။ ရောဂါပိုးနှင့် ဇီဝအဆိပ်တို့သည် အဓိကကျသည်။ ရောဂါပိုးသက်သက်ကြောင့် အူရောင်ငန်းဖျား၊ အသည်းရောင် စသည့်ရောဂါများ ဖြစ်စေသကဲ့သို့ ရောဂါပိုးမှ ထုတ်လိုက်သည့် အဆိပ်ကြောင့် အစာအဆိပ်သင့်ခြင်းဖြစ်ရသည်။ ရောဂါပိုးမဝင်လျှင် ရောဂါမဖြစ်နိုင်။ ထို့အတွက် ရောဂါပိုးမဝင်နိုင်အောင် ဦးစွာပထမ ထိန်းချုပ်ရသည်။ အကယ်၍ ရောဂါပိုးဝင်သွားသည်ဆိုပါက ဝင်ရောက်ပြီး ရောဂါပိုးအား ဆက်လက် တိုးပွားမလာစေရန်၊ သေစေရန်၊ ထုတ်လိုက်သည့် အဆိပ်များ ပျက်ပြယ်သွားစေရန် အပူစနစ်ဖြင့် ထိန်းချုပ်ရပေမည်။ ရောဂါပိုးဝင်ရောက်သွားခြင်းကို မျက်စိဖြင့် မမြင်နိုင်။ ပူနွေးအောင်ထားရသည့်၊ ချက်ပြုတ်ရသည့် အစားအစာမှန်သမျှ ရောဂါပိုးဝင်နိုင်သည်ဟု သဘောထား၍ စဉ်ဆက်မပြတ် အပူစနစ်ထားရှိပြီး ထိန်းချုပ်ရပေမည်။ အအေးစနစ် အစားအစာများတွင်လည်း ရေခဲမှတ်တွင် ထားပါက ရှိပြီးရောဂါပိုးဆက်မပွားတော့သည့်အတွက် အန္တရာယ်မဖြစ်နိုင်။ အအေးစာကို ရောဂါပိုးမဝင်နိုင်အောင် စောစောကပင် ကြိုတင်၍ ပြုပြင်ရပေမည်။ ဥပမာ– နွားနို့ကို သုံးမည်ဆိုပါလျှင် ပိုးသေအောင် ကျိုပြီး အေးသည့်အခါမှ အအေးစနစ်ထားခြင်းမျိုးဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူသားအားလုံး ပြင်ပအစားအစာနှင့် မကင်းကြပါ။ နေ့စဉ် တစ်မျိုးမျိုး စားသုံးနေကြပါသည်။ သန့်ရှင်းမှုမရှိသည့် အစားအသောက်ကို စားမိရာမှ ရံဖန်ရံခါ အစုလိုက် အပြုံလိုက် အစာအဆိပ်သင့်ကြရသည့် သတင်းများကို ကြားသိရသည်။ ထို့အတွက် ကျန်းမာရေးဝန်ထမ်းများသည် စားသောက်ဆိုင်များကို စနစ်တကျ စစ်ဆေးနေကြခြင်းဖြစ်သည်။ စစ်ဆေးရာတွင် အစားအသောက်အမျိုးအစားလိုက်၍ ဘေးအန္တရာယ်အပေးနိုင်ဆုံး အနေအထားကို ထိန်းချုပ်မိရန်လိုအပ်သည်။

အထိရောက်ဆုံး၊ အလွယ်ကူဆုံးသည် အပူပေးခြင်းဖြစ်သည်။ ရေဆူမှတ် ၁၀၀ ဒီဂရီစင်တီဂရိတ်အထိ မိနစ် ၃၀ ကြာ အပူပေးလိုက်လျှင် ရောဂါပိုးအားလုံး သေပါသည်။ အပူဒဏ်ခံနိုင်စွမ်းအရှိဆုံး ဘက်တီးရီးယားပိုးတစ်မျိုးဖြစ်သည့် ကလော့(စ်)ထရီဒီယမ်ဘိုကျူလီနမ် (Clostridium Botulinum)ပိုးပင် သေပါသည်။ အစာအဆိပ်သင့်ရောဂါ အများဆုံးဖြစ်စေသည့် စတက်ဖလိုကောကပ်(စ်)ဩရီးယပ်(စ်)ပိုး (Staphylococcus Aureus)မှာ ၆၀ ဒီဂရီစင်တီဂရိတ်တွင် သေပါသည်။

ဥပမာ– နွားနို့ကို မီးအပူမပေးဘဲ ထားပါက ရှိပြီးရောဂါပိုးသည် ဆပွားတိုးနှုန်းဖြင့် တိုးပွားတော့သည်။နေ့ဝက်ခန့်တွင် ကောင်ရေ သန်းချီရှိလာပေမည်။ သန်းချီရှိနေပြီး ရောဂါပိုးသေရန် လွယ်ပါသည်။ ၁၀၀ဒီဂရီစင်တီဂရိတ်တွင် ရောဂါပိုးအားလုံးသေကြပါမည်။ ၆၀ ဒီဂရီစင်တီဂရိတ်တွင် ၇ မိနစ်အတွင်း သေကုန်ကြပါမည်။

သို့သော် ရောဂါပိုး သေကုန်သော်ငြားလည်း ရောဂါပိုးတို့က အဆိပ်ထုတ်လိုက်သည်။ ထုတ်လိုက်သည့်အဆိပ်က အစာအဆိပ်သင့်ရောဂါဖြစ်စေသည်။ အထူးသဖြင့် လက်ဖက်ရည်၊ မုန့်ဟင်းခါးဟင်းရည်တို့တွင် အဖြစ်များသည်။ လက်ဖက်ရည်ဆိုင်သည် မြန်မာပြည်တွင် အပေါများဆုံး စားသောက်စရာဆိုင်ဖြစ်သည်။ လက်ဖက်ရည်တွင် ချက်နို့ဆီသုံးသည်ကများသည်။ ဓာတုပစ္စည်း ကင်း၊မကင်းနှင့် ရောဂါပိုး ကင်း၊မကင်း မသိနိုင်ပါ။ စက်ရုံမှ ဆိုင်အထိ ခရီးအဆင့်ဆင့် ဖြတ်သန်းခဲ့ရသည်။ ဆိုင်တွင် နို့ဆီစပ်သည်။ တချို့က မီးအဆက်မပြတ်ပေးသည်။ များသော အားဖြင့် အပူဆက်မပေးတော့ဘဲ ဖျော်ခုံပေါ်တင်ပြီး တစ်နေကုန် ဖျော်ရောင်းသည်။ နို့ဆီအေးစက်နေသည်။ ချက်နို့ဆီကို မီးပူပူဖြင့် အမြဲထားဖို့ပြောတိုင်း... “ကျွန်တော်တို့ နို့ဆီစပ်တုန်းက အပူပေးပြီးလို့ ရောဂါပိုးတွေ သေပါပြီ”ဟု ပြန်ပြောကြသည်။ သူတို့အဖြေက ပြည့်စုံလုံလောက်မှု မရှိပါ။ မူလရှိနှင့်ပြီးရောဂါပိုး သေခဲ့သော်ငြားလည်း အေးနေချိန်လေမှ၊ လက်မှ၊ ဇွန်းမှ ရောဂါပိုးဝင်ပြီး ပေါက်ပွားနိုင်ပေသည်။ ထို့အတွက် ဝင်လာသမျှ ရောဂါပိုးများ ချက်ချင်းသေစေရန် မီးအပူအမြဲပေးစေခြင်းဖြစ်သည်။ လိုက်နာသူ နည်းပါးသည်။ ၎င်းတို့က...

“မီးနှင့် အမြဲထားပါက နို့ဆီခန်းသည်၊ မီးသွေးဖိုးကုန်သည်”ဟု အမြဲပြောလေ့ရှိသည်။ လက်တွေ့တကယ်တမ်း စနစ်တကျ ဆန်းစစ်ခြင်းမရှိဘဲ အမြင်မှားကို လက်ခံယုံကြည်ကျင့်သုံးနေကြကြောင်းကို လူရွယ်ပညာတတ် ဆိုင်ပိုင်ရှင်တစ်ဦး၏ လက်ဖက်ရည်ဆိုင်ကို စစ်ဆေးရာတွင် အဖြေမှန်ထွက်လာပါသည်။ ဆိုင်ပိုင်ရှင် လူရွယ်မှာ ကုန်ထုတ် ဓာတုဗေဒဘွဲ့ရတစ်ဦးဖြစ်သည်။ ၎င်း၏ဆိုင်တွင် ချက်နို့ဆီကို မီးဖြင့် အမြဲအပူပေးထားသည်။

ယင်းသို့ နို့ဆီကို မီးပူပူအမြဲပေးထားခြင်း၏ အကျိုးသက်ရောက်မှုမှာ–

- **ရောဂါပိုးများ သေစေသည်။**
- **ထပ်မံဝင်လာသည့် ရောဂါပိုးတိုင်းကိုလည်း သေစေသည်။**
- **ရောဂါပိုးများ၏ အဆိပ်ထုတ်မှုကို အားနည်းစေသည်။**
- **ရောဂါပိုးများက ထုတ်ထားသည့် အဆိပ်များကို ပျက်ပြယ်စေသည်။**
- **စပ်ထားသည့် ချက်နို့ဆီ အပြစ်အကျဲ ညီစေသည်။**
- **အချဉ်ပေါက်ခြင်း ကင်းစေသည်။**

လက်တွေ့နယ်မှ အသိပညာရခဲ့ပါသည်။ ယင်းကဲ့သို့ ရရှိသော အသိပညာကို ဆက်လက်ပွားများအောင် ကြိုးစားသင့်ပါသည်။ ယင်းကဲ့သို့သော အသိပညာမျိုးဖြင့် စားသုံးသူများ အစာအဆိပ်သင့်ဘေး ကင်းဝေးအောင် စားသောက်ဆိုင်အားလုံး၊ အစားအသောက် ထုတ်လုပ်ရောင်းချသူအားလုံး လိုက်နာကျင့်သုံးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်တိုင်း ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကမ္ဘာ့မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ခရိုင်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တို့တွင် ကျင်းပ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်း ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားများကို ဩဂုတ် ၅ရက်က ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တို့၌ ကျင်းပကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင်၏ ကမ္ဘာ့မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘာ့မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် ခရိုင်အဆင့် စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရရှိသော သန်လျင်မြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ မစုစန္ဒီအောင်၊ ဒုတိယဆုရရှိသော ကျောက်တန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မမြင့်သော်တာဟန်နှင့် တတိယဆုရရှိသော ကျောက်တန်းမြို့ မြို့မအခြေခံပညာ အလယ်တန်းကျောင်းမှ မသဇင်သက်စုတင်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်သူ့ဆေးရုံမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဝေဝေမြင့်နှင့် မီးယပ်နှင့် သားဖွား အထူးကုဆရာဝန်ကြီး ဒေါက်တာ တင်နွယ်ဝေတို့က မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးကြသည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို မွန်းလွဲ ၂နာရီတွင် ရန်ကင်းပညာရေးကောလိပ် ကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်တို့က ကမ္ဘာ့မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး အထိမ်းအမှတ် ခရိုင်အဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတို့၌ ဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၇၀၀၀ ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်ထံ ပေးအပ်သည်။

ယင်းနောက် တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ဌာနမှူး ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာလှလှမြင့်နှင့် သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာသဇင်ညွန့်တို့က မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးကြသည်။

(သတင်းစဉ်)

ကျွန်းနံ့သာ အရှင်နန္ဒသိရီ (ပြင်သစ်ဆရာတော်)အား သိက္ခာထပ် ပူဇော်မင်္ဂလာအခမ်းအနားကျင်းပ

ပြင်သစ်နိုင်ငံပါရီမြို့ ဥရောပထေရဝါဒဗုဒ္ဓသာသနာပြု အသင်းကြီး၌ သာသနာပြု သီတင်းသုံးလျက်ရှိသည့် ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ၏ ပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာ အရှင်နန္ဒသိရီ(ပြင်သစ်ဆရာတော်)အား သိက္ခာထပ်ပူဇော် မင်္ဂလာ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည် ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် သြဂုတ် ၇

ပြင်သစ်နိုင်ငံ ပါရီမြို့ ဥရောပ ထေရဝါဒဗုဒ္ဓသာသနာပြု အသင်းကြီး၌ သာသနာပြုသီတင်းသုံးလျက်ရှိသည့် ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ၏ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာအရှင်နန္ဒသိရီ (ပြင်သစ်ဆရာတော်)အား သိက္ခာထပ် ပူဇော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၏ ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သိက္ခာထပ်မင်္ဂလာ အလှူရှင် ဦးစိုးစိုး–ဒေါ်သီဂီဝင်း (Trinity System & Supplies Pte., Ltd. and Win Theingi Pte., Ltd.) မိသားစုနှင့် အလှူရှင်များ၊ ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာ အရှင်နန္ဒသိရီ (ပြင်သစ်ဆရာတော်) အားသိက္ခာထပ်မင်္ဂလာကျင်းပပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် အလှူရှင်များက သိမ်ဆင်းလောင်းလှူကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဒမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီးဒေါ်ခင်သန်းနွဲ့၊ ဝန်ကြီးများနှင့် သိက္ခာထပ်မင်္ဂလာ အလှူရှင်တို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပြင်သစ်နိုင်ငံပါရီမြို့ ဥရောပထေရဝါဒဗုဒ္ဓသာသနာပြု အသင်းကြီး၌ သာသနာပြုသီတင်းသုံးလျက်ရှိသည့် ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ၏ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာအရှင်နန္ဒသိရီ(ပြင်သစ်ဆရာတော်)အား သိက္ခာထပ် ပူဇော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်အား ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြင်သစ်ဆရာတော်အား ပူဇော်သော စာဆိုနာဂကျော်ရင် ရေးစပ်သီကုံးသည့် ပူဇာမင်္ဂလာ လူးတားညှပ် ရှစ်ဆယ်ပေါ်တေးထပ်ကို တေးသံရှင် စိုးစန္ဒာထွန်းက သီဆို ပူဇော်သည်။

ယင်းနောက် ပြင်သစ်ဆရာတော်ထံ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ မြေခြောက်ဧကနှင့် အဆိုပါမြေပေါ်ရှိ အဆောက်အအုံများကို လှူဒါန်းသည့် အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ခုနစ်မိုင်ခွဲ ဦးကျော်လှလမ်းနေ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ မော်ကွန်းဝင် ဒုတိယဆင့် ဒုတိယဗိုလ်မှူးကြီးလှမိုး(အငြိမ်းစား)–ဒေါ်ခင်မလေး မိသားစု၊ မရမ်းကုန်းမြို့နယ် မြိုင်ဟေဝန် အိမ်ရာနေ ဦးစိုးဝင်း ညွှန်ကြားရေးမှူး (အငြိမ်းစား) သတ္တုတွင်းဝန်ကြီးဌာန–ဒေါ်ခင်ခင်ရွှေမိသားစု၊ ပန်းဘဲတန်း မြို့နယ် ဗိုလ်ဆွန်ပက်လမ်းနေ ဦးငွေစိုး–ဒေါ်ရီရီသန်း(နဝင်းဆေးတိုက်)မိသားစု၊ မရမ်းကုန်းမြို့နယ် ခုနစ်မိုင်ခွဲ ဦးကျော်လှလမ်းနေ ဦးရဲမြင့်ဖေ (မန်နေဂျင်းဒါရိုက်တာ ဝင်းပစိဖိတ် ကုမ္ပဏီလီမိတက်)–ဒေါ်ညိုညိုထွန်းမိသားစုနှင့် ပုဇွန်တောင်မြို့နယ်နေ ဗိုလ်မှူး တင်သောင်း (အငြိမ်းစား)– ဒေါ်ခင်မမလေး မိသားစုတို့အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာ အရှင်နန္ဒသိရီ (ပြင်သစ်ဆရာတော်) ၏ ဦးဆောင်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းလိုပါက မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးချုပ် အမှတ် (၄၉/၅၁) ဗဟန်းလမ်းမကြီး (ဗဟန်း ၃လမ်း မှတ်တိုင်အနီး) ဗဟန်းမြို့နယ် ဖုန်း–၀၉–၈၀–၄၂၃၄၃ နှင့် ဒေါ်အောင်ကြည် ဒုတိယညွှန်ကြားရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန သာသနာရေး ဝန်ကြီးဌာန ဖုန်း–၆၆၅၃၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

သစ္စာဒီပကဝိပဿနာ ဝါတွင်းတရားစခန်းဖွင့်မည်

ရန်ကုန် သြဂုတ် ၇

မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားပြရိပ်သာတွင် မူလကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင် ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဓမ္မကထိက ဦးခင်မောင်ရီနှင့် တရားဟော ဓမ္မကထိကများက မဇ္ဈိမပဋိပဒါလမ်းစဉ်အတိုင်း ၁၃၆၇ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်မှ ဝါခေါင်လပြည့်နေ့ (သြဂုတ် ၁၃ရက်မှ ၁၉ရက်)အထိ ခုနစ်ရက် တရားစခန်းဖွင့်လှစ် ဟောပြောပြသမည် ဖြစ်ပါသဖြင့် တရားစခန်း ဝင်ရောက်လိုသူ ယောဂီများသည် သြဂုတ် ၁၂ရက်နေ့ ညနေ ၅နာရီအရောက် သတင်းပေးပို့နိုင်ကြောင်းသိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၈–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈း၀၅ ၆။ ချစ်စရာအရွယ်ကကြိုးသွယ်
- ၈း၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၅ ၈။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Grammar Made Easy.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၄း၄၀ ၄။ တေးဂီတအစီအစဉ်
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ်(ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၅း၀၅ ၆။ အကပဒေသာ
- ၅း၁၅ ၇။ ၂၀၀၅ခုနှစ်တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(မဟာဂီတ) (ဝါသနာရှင်အဆင့်) (အမျိုးသား/အမျိုးသမီး)
- ၅း၃၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၄၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆို၊အကများ
- ၅း၄၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆း၀၀ ၁၁။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၆း၁၀ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး” (အပိုင်း–၁၁)**
- ၆း၃၀ ၁၃။ ညနေခင်းသတင်း
- ၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေးနီမလေးရဲ့ချစ်ပုံပြင်” (အပိုင်း–၁၁)**
- ၇း၃၅ ၁၆။ “ထာဝစဉ်နှလှ မြန်မာ့ဂီတ” (အတီးပညာဘာသာရပ်ဆွေးနွေးခန်း) (အပိုင်း–၂)
- ၇း၄၅ ၁၇။ တေးဂီတအစီအစဉ်
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သောနေခြည်” (အပိုင်း–၁)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ILO သည် ကမ္ဘာ့အလုပ်သမားများအကျိုးကို ဖော်ဆောင်ရမ
မူလရည်ရွယ်ချက်ဖြစ်သည့် အလုပ်သမားများ အလုပ်ရရှိရေး

"ပြည်တွင်းပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

❐ **ရွှေ့ဖုံးမှ**

တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့၊ တိုင်းမီးသတ်တပ်ဖွဲ့၊ တိုင်းကြက်ခြေနီ တပ်ဖွဲ့၊ တိုင်းစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်အစည်းအရုံး၊ သဘင်ပညာရှင်များ အစည်းအရုံး၊ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ တိုင်းဗီဒီယိုအခြေခံအဖွဲ့ခွဲ၊ မန္တလေးစက်မှုဇုန်၊ မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ကုန်စည်ဒိုင်၊ ပွဲစား၊ ကုန်သည်များနှင့် စက်ပိုင်များ ကထိန်တော်အသင်း၊ မန္တလေး ဈေးချိုတော်အကျိုးတော်ဆောင်အဖွဲ့၊ တိုင်းရင်းဆေးဆရာများအသင်း၊ ဗြဟ္မစိုရ် လူမှုရေးအသင်းတို့မှ အသင်းအဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်၊ မြို့နယ်များမှ ပြည်သူများစုစုပေါင်း အင်အား ၁၅၀၀ခန့် တက်ရောက်ကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါက်တာဒေါ်ခင်အောင်ငွေ၊ ချမ်းအေးသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ခင်ပြုံးယဉ်၊ မန္တလေးတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(အငြိမ်းစား)၊ မန္တလေးတိုင်း ကြက်ခြေနီတပ်ဖွဲ့မှ တိုင်းနည်းပြမှူး ဒေါက်တာမြတ်စိုး၊ မန္တလေးတိုင်း မီးသတ်တပ်ဖွဲ့မှ တပ်ခွဲမှူး ဦးတင်ဝင်း၊ မြို့မိမြို့ဖ ဈေးချိုတော်အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စန္ဒာဝင်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်နီနီအောင်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အမှာစကားပြောကြား

ယင်းနောက် သဘာပတိ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အားလုံးချစ်မြတ်နိုးသည့် အမိနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ရန်ပြုနေသည့် အဖျက်သမားများသည် ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ရှိနေကြောင်း၊ ယင်းအဖျက်သမားအမျိုးမျိုးသည် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး မျက်နှာဖုံးစွပ်၊ အရေခြုံပြီး၊ လက်တွေ့တွင် နိုင်ငံတော် တည်ငြိမ်ရေး၊ လုံခြုံရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆုတ်ယုတ်နစ်နာအောင်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှောင့်နှေးကြန့်ကြာအောင်၊ ပျက်ပြားသွားအောင် အမျိုးမျိုးနှောင့်ယှက်ဖျက်ဆီးနေကြကြောင်း။ ယင်းအဖျက်သမား၊ ပြည်သူ့ရန်သူများကို အနောက်နိုင်ငံတချို့က သူခိုးဓားရိုးကမ်း၊ အဆိပ်ပင်ရေလောင်းမြှောက်ပင့်အားပေးနေကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ရာစုနှစ်ဝက် တစ်ခုလောက်တွင် နယ်ချဲ့သွေးခွဲမှုကြောင့်ဖြစ်ခဲ့သည့် ဆူပူသောင်းကျန်းမှုဒဏ်ကြောင့် တိုင်းပြည်ထူထောင်ရေးကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့ဘဲ ဆင်းရဲခဲ့ကြောင်း၊ ခေတ်နောက်ကျခဲ့ကြောင်း။

အားလုံးသိပြီးဖြစ်သည့်အတိုင်း တပ်မတော်အစိုးရလက်ထက်ကျမှ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို လက်တွေ့တည်ဆောက်အောင်မြင်ခဲ့ပါကြောင်း၊ အေးချမ်းသာယာမှု လုံခြုံမှုရလာသည်နှင့်အမျှ နိုင်ငံတစ်ဝန်း တည်ဆောက်မှုများကို လက်ညှိုးထိုးမလွဲ ဆက်ကာဆက်ကာ တည်ဆောက်အောင်မြင်လာခဲ့ကြောင်း၊မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့်လည်း အသင်းကြီးစတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၃ ခုနှစ်မှစပြီး ယခုအချိန်အထိ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အသီးသီး၌ ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးဖွဲ့စည်းပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

စွမ်းစွမ်းတမံကြိုးပမ်းနေ

ယခုအထိ မိမိတို့အသင်းဝင်အင်အားသည် ၂၁ ဒသမ ၆ သန်းကျော်ရှိနေပြီး တောင်သူလယ်သမား အသင်းဝင်ခုနစ်သန်း ငါးသောင်း ငါးထောင်ကျော်၊ အလုပ်သမားအသင်းဝင် ငါးသန်း ရှစ်ထောင်ကျော်၊ ကျောင်းသား၊ ကျောင်းသူ လူငယ်အသင်းဝင် ခုနစ်သန်း တစ်သိန်း ငါးသောင်း ရှစ်ထောင်ကျော် ပါဝင်ကြောင်း၊ အလားတူ အခြားအလွှာပေါင်းစုံမှ အသင်းဝင် နှစ်သန်း လေးသိန်း သုံးသောင်း ခုနစ်ထောင်ကျော်ရှိပြီး မိမိတို့ အသင်းဝင်အားလုံးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မိဘပြည်သူများ၏အကျိုးကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း။

မြန်မာနိုင်ငံအဖို့ ယခုကဲ့သို့အရေးကြီးလာသည့် နိုင်ငံရေးတိုးတက်မှုဖြစ်စဉ်ကြီးကို တတ်နိုင်သည့်ဘက်က ကူညီပံ့ပိုးကြမည်ဟု စိတ်ကောင်းရှိသည့် ရိုးသားသည့် ပြည်သူအများသည် စိတ်အားထက်သန်နေကြချိန်ဖြစ်ကြောင်း။

သို့သော်မြေပေါ်မြေအောက် အဖျက်သမားများသည် မဟုတ်မမှန်လုပ်ကြံစွပ်စွဲပုတ်ခတ်သည့်နည်း၊ အရာရာကို

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စန္ဒာဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်နီနီအောင်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ပုံကြီးချဲ့၊ ပြည်ပအားကိုးဖြင့် မျက်ရည်ခံထိုး တိုင်ကြားပြီး စွက်ဖက်ခိုင်းသည့်နည်းများကို မဆင်မခြင်၊ သွေးရူးသွေးတန်း လုပ်ကြံနေကြပြန်ကြောင်း။

ယုတ်မာရိုင်းစိုင်းမှု

အဖျက်သမားများ မည်မျှအထိ ယုတ်မာရိုင်းစိုင်းသနည်းဆိုလျှင် ပြီးခဲ့သည့် မေ ၇ ရက်နေ့က အပြစ်မဲ့ပြည်သူများ အများအပြားသေကျေ၊ ဒဏ်ရာရအောင် ရန်ကုန်မြို့ လူစည်ကားရာနေရာများတွင် ဗုံးခွဲခဲ့ကြောင်း၊ မန္တလေးမြို့တွင်လည်း ယခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် လူစည်ကားရာ ဈေးချိုတော်၌ဗုံးခွဲခဲ့ကြကြောင်း၊ ယင်းအဖျက်သမား အသားထဲကလောက်ကောင်များ၊ ဝရမ်းပြေး အကြမ်းဖက်အုပ်စုမှ အဖျက်သမားများသည် သခင်အားရကျွန်ပါးဝဆိုသကဲ့သို့ ကိုလိုနီလက်သစ်များ အလိုကျ မြန်မာနိုင်ငံအပေါ် ဘက်စုံက ဖျက်ဆီးမှု၊ ပိတ်ပင်မှု၊ သိက္ခာချမှုများကို ကျူးလွန်နေကြောင်း။

ဤနေရာတွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၃၆/၁၀၃)ကို မူရင်းအတိုင်း ပြန်လည်ဖော်ပြလိုပါကြောင်း။

၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့ ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၃၆/၁၀၃)–

"မည်သည့်နိုင်ငံမျှ (သို့တည်းမဟုတ်) မည်သည့်နိုင်ငံအစုအဖွဲ့မျှ အခြားနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဖြစ်စေ၊ နိုင်ငံခြားရေးရာများတွင်ဖြစ်စေ၊ မည်သည့်အကြောင်းပြချက်ဖြင့်ဖြစ်စေ၊ မည်သည့်နည်းလမ်းပုံစံများဖြင့် ဖြစ်စေ ဝင်ရောက်စွက်ဖက်ခြင်းမရှိစေရ"

"နိုင်ငံတိုင်းသည် နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် အလို့ငှာ လူ့အခွင့်အရေး ပြဿနာအား မမှန်မကန် အသုံးချခြင်းကို ရှောင်ကြဉ်ရမည်။ နိုင်ငံတိုင်းသည် နိုင်ငံအချင်းချင်း (သို့တည်းမဟုတ်) နိုင်ငံအစုအဖွဲ့ အချင်းချင်း တည်ငြိမ်မှုပျက်ပြားအောင်၊ ယုံကြည်မှုပျက်ပြားအောင် အကျပ်ကိုင် လုပ်ဆောင်ခြင်းကို ရှောင်ကြဉ်ရမည်"ဟု အတိအလင်း ပါရှိပါကြောင်း။

ထောက်ပံ့ကူညီလျက်ရှိ

မြန်မာနိုင်ငံအတွင်း၌ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ ဖြစ်ကြသည့် UNDP ၊ UNICEF နှင့် အခြား UN အေဂျင်စီများသည် နိုင်ငံတော်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆက်မပြတ် ထောက်ပံ့ကူညီလျက်ရှိပါကြောင်း။

မိမိတို့၏ တပ်မတော်သည် မိဘပြည်သူများဖြစ်သည့် တိုင်းရင်းသားများအပါအဝင် ပြည်သူလူထုကြီးကို အသက်

ပေးပြီး၊ ကာကွယ်စောင့်ရှောက်သည့် မျိုးချစ
ပီပီ **"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော**
ငါ၏ အသက်ကို စွန့်လွှတ်ပါမည်" ဟု သစ္စာ
ပီပီ အမိနိုင်ငံနှင့်နိုင်ငံသားကိုအချစ်ဆုံး၊ အ
ဖြစ်ပါကြောင်း၊ အခြားတစ်ပါးက ချစ်တယ်ဆိ
မေတ္တာစစ်၊ မေတ္တာမှန်ဖြစ်ရန် အလွန်ခက်ခဲပ
"ဒီယုန်မြင်၍ ဒီချုံထွင်"ကြခြင်းဖြစ်ပါကြော

နိဂုံးချုပ်အနေဖြင့် လောက၌ သစ္စာတရာ
နောက်ဆုံးတွင် အောင်ပွဲခံရမှာ ဖြစ်ကြောင်း၊ အမျ
ကို သစ္စာဖောက်နေကြသည့် ပြည်ပအားကိုး
ပြည်တွင်းပြည်ပ အဖျက်သမားများသည် သစ္စာဖ
ပီပီ နောက်ဆုံးတွင် သစ္စာဖောက်တို့သာ
ကျဆုံးမှာ ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း အ
မျိုးစောင့်တရား၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာ
အားလုံးသည် ပြည်သူ့မေတ္တာကြောင့် အော
ဧကန်မုချဖြစ်ကြောင်း ပြောကြားရင်း နိဂုံး
ကြောင်း စသည်ဖြင့် ပြောကြားသည်။

အဖျက်သမားတစ်စု၏လုပ်ရပ်

ဆက်လက်၍ မန္တလေးတိုင်း ကုန်သည်မျာ
လက်မှုလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အ
ဦးအောင်ကြည်စိုးက မြန်မာနိုင်ငံအား ပြည်

"မြန်မာနိုင်ငံအား ပြည်တွင်းပြည်ပအဖျက်သမားများ၏ရန်မှကာကွယ်ရေး၊ ပြည်တွင်းပြည်ပ အဖျက်သမားများကို ဆန့်ကျင်ချေမှုန်းရေး"နှင့် ပတ်သက်၍ မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြည်စိုး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"အကြမ်းဖက်ဗုံးခွဲမှုများကို ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖျက်သမားအုပ်စုများအား ထိထိရောက်ရောက်ဆန့်ကျင်ချေမှုန်းရေး"နှင့်ပတ်သက်၍ မန္တလေးမြို့ ဈေးချိုတော်အကျိုးတော်ဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဌေး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဘက်
ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို အဖျ
များရန်မှ ကာကွယ်ရင်း ပိုမိုတိုးတက်အောင် ဂ
ရေး"နှင့်ပတ်သက်၍ ချမ်းအေးသာစံမြို့နယ် အ
ရေးရာအဖွဲ့ အဖွဲ့ဝင်ဒေါ်လင်းလင်းကြွယ်
တင်ပြစဉ်။ (သ

- **လောက၌ သစ္စာတရားသည်သာ နောက်ဆုံးတွင် အောင်ပွဲခံရမှာဖြစ်၊**
- **အမျိုးသားရေးကို သစ္စာဖောက်နေကြသည့် ပြည်ပအားကိုး ပုဆိန်ရိုး ပြည်တွင်းပြည်ပ အဖျက်သမားများသည် သစ္စာဖောက်များပီပီ နောက်ဆုံးတွင် မလွဲမသွေ ကျဆုံးမှာဖြစ်၊**
- **အမှန်တရား၊ မျိုးစောင့်တရား၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ရှိသူများ အားလုံးသည် ပြည်သူ့မေတ္တာကြောင့် အောင်ပွဲခံရမှာ ဧကန်မုချဖြစ်။**

အဖျက်သမားများ၏ ရန်မှကာကွယ်ရေး၊ ပြည်
အဖျက်သမားများအား ဆန့်ကျင်ချေမှုန်းရေးနှင့်
၍ ဆွေးနွေးတင်ပြရာတွင် ရှေးဦးစွာ အပြည်ပြ
အဖွဲ့အစည်းတစ်ခုကိုအယုံသွင်းလှည့်စားပြီး အ
ထုကို စော်ကားနေသည့် အဖျက်သမားတစ်စု
များကို တင်ပြလိုပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်
သမားအဖွဲ့ ILOကို လွတ်လပ်ရေးရသည့်
ကတည်းက ဝင်ရောက်ခဲ့ပြီး၊ တက်တက်ကြွ
ဆောင်ရွက်လာခဲ့ကြောင်း၊ နှစ်စဉ်အချိုးကျ
မည့်ငွေကိုလည်း မပျက်မကွက် မှန်မှန်ထ
ပါကြောင်း၊ အဖွဲ့၏အစည်းအဝေးများ၊ လူ
တွင်လည်း ပါဝင်ခဲ့ပါကြောင်း၊ ILO သည်
ကာလက မူဝါဒနှင့်အညီရပ်တည်ခဲ့သည့် သိ
အဖွဲ့အစည်း ဖြစ်ခဲ့ပါကြောင်း၊ ကမ္ဘာ့အလုပ်
အကျိုးရပိုင်ခွင့်များကိုလည်း စုပေါင်းပြဋ္ဌာန်း
ကြောင်း၊ သို့သော်မိမိတို့နိုင်ငံတွင် တိုင်းဆ
အရေးအခင်းကြီးကြောင့် ပြည်ထောင်စု ပြ
တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဆိုး

...ကျိုးကို ဖော်ဆောင်ရမည့် အဖွဲ့အစည်းဖြစ်သော်လည်း နိုင်ငံရေးအမြတ်ထုတ်သည့်ကိစ္စ အသုံးချခံဘဝရောက် ...များ အလုပ်ရရှိရေး ဆောင်ရွက်နိုင်စွမ်းမရှိဘဲ မိမိတို့အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ရေးလုပ်ရာရောက်နေ

...မည်သည့် ...ဝိစ္စများတွင် ...မည်သည့် ...ဦးလမ်းပုံစံ ...စေရ" ...တွင်းရေးကို ...ခွင့်အရေး ...ချာင်ကြဉ်ရ ...သီးမဟုတ်) ...သွားအောင်၊ ...တင်ခြင်းကို ...ကြောင်း။

...အောက်ခံ ...UNICEF ...တ်အတွင်း ...လက်ဖွံ့ဖြိုး ...ကူညီလျက် ...ဖြစ်သည့် ...ကို အသက်

ပေးပြီး၊ ကာကွယ်စောင့်ရှောက်သည့် မျိုးချစ်တပ်မတော် ပီပီ **"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ပါမည်"** ဟု သစ္စာဆိုထားသူ ပီပီ အမိနိုင်ငံနှင့်နိုင်ငံသားကိုအချစ်ဆုံး၊ အမြတ်နိုးဆုံး ဖြစ်ပါကြောင်း၊ အခြားတစ်ပါးက ချစ်တယ်ဆိုတာသည် မေတ္တာစစ်၊ မေတ္တာမှန်ဖြစ်ရန် အလွန်ခက်ခဲပါကြောင်း၊ **"ဒီယုန်မြင်၍ ဒီချုံထွင်"**ကြခြင်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် လောက၌ သစ္စာတရားသည်သာ နောက်ဆုံးတွင် အောင်ပွဲခံရမှာ ဖြစ်ကြောင်း၊ အမျိုးသားရေးကို သစ္စာဖောက်နေကြသည့် ပြည်ပအားကိုး ပုဆိန်ရိုး ပြည်တွင်းပြည်ပ အဖျက်သမားများသည် သစ္စာဖောက်များ ပီပီ နောက်ဆုံးတွင် သစ္စာဖောက်တို့သာ မလွဲမသွေ ကျဆုံးမှာ ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း အမှန်တရား၊ မျိုးစောင့်တရား၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှိသူများ အားလုံးသည် ပြည်သူ့မေတ္တာကြောင့် အောင်ပွဲခံရမှာ ဧကန်မုချဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

အဖျက်သမားတစ်စု၏ လုပ်ရပ်

ဆက်လက်၍ မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြည်စိုးက မြန်မာနိုင်ငံအား ပြည်တွင်းပြည်ပ

...ကြောင်းနှင့် ...ထိရောက် ...မန္တလေး ...တ်အတွင်း ...။ ...(သတင်းစဉ်)

"နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို အဖျက်သမားများရန်မှ ကာကွယ်ရင်း ပိုမိုတိုးတက်အောင် ကူညီသွားရေး"နှင့်ပတ်သက်၍ ချမ်းအေးသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်ဒေါ်လင်းလင်းကြွယ် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အဖျက်သမားများ၏ ရန်မှကာကွယ်ရေး၊ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဆန့်ကျင်ချေမှုန်းရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုကိုအယုံသွင်းလှည့်စားပြီး အလုပ်သမားထုကို စော်ကားနေသည့် အဖျက်သမားတစ်စု၏ လုပ်ရပ်များကို တင်ပြလိုပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ILOကို လွတ်လပ်ရေးရသည့် ၁၉၄၈ခုနှစ်ကတည်းက ဝင်ရောက်ခဲ့ပြီး၊ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်လာခဲ့ကြောင်း၊ နှစ်စဉ်အချိုးကျ ထည့်ဝင်ရမည့်ငွေကိုလည်း မပျက်မကွက် မှန်မှန်ထည့်ဝင်လာခဲ့ပါကြောင်း၊ အဖွဲ့၏အစည်းအဝေးများ၊ လှုပ်ရှားမှုများတွင်လည်း ပါဝင်ခဲ့ပါကြောင်း၊ ILO သည် အတိတ်ကာလက မူဝါဒနှင့်အညီရပ်တည်ခဲ့သည့် သိက္ခာရှိသော အဖွဲ့အစည်း ဖြစ်ခဲ့ပါကြောင်း၊ ကမ္ဘာ့အလုပ်သမားများ အကျိုးရပိုင်ခွင့်များကိုလည်း စုပေါင်းပြဋ္ဌာန်းလာခဲ့ဖူးပါကြောင်း၊ သို့သော်မိမိတို့နိုင်ငံတွင် တိုင်းဆူပြည်ပျက် အရေးအခင်းကြီးကြောင့် ပြည်ထောင်စု ပြိုကွဲလုနီးနီး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဆိုးဆိုးရွားရွား ဖြစ်လုနီးနီး၊ အချုပ်အခြာအာဏာကို ခြိမ်းခြောက်စော်ကားခံရဆဲဆဲ အခြေအနေဆိုးကနေပြီး အမျိုးသားရေးအတွက် အစဉ်အသက်ပေး ကာကွယ်လာခဲ့သည့် တပ်မတော်သည် အစဉ်အလာမပျက် ပြည်သူ့အတွက် ရပ်တည်တာဝန်ယူခဲ့ပြီးနောက် မကြာမီ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းကာလတွင် ILOသည် မိမိအခြေခံစည်း မျဉ်းအတိုင်းမရပ်တည်ဘဲ မူပျက်လာခဲ့ပါကြောင်း။

၁၉၉၀ပြည့်နှစ်နောက်ပိုင်းတွင် တပ်မတော်အစိုးရကို အမျိုးမျိုးပုတ်ခတ်ထိုးနှက်သည့် အဆိုးမြင်ဝါဒီများဖြစ်သည့် ပြည်ပရောက်ဆန့်ကျင်ရေးအဖွဲ့များက ILO ကို အသုံးချလာတော့ကြောင်း၊ ILO ကလည်း သူ့ကိုခုတုံးလုပ်အသုံးချသူတွေကို မည်သို့သော အမျိုးအစားတွေဖြစ်သည်၊ မည်သို့သဘောထားသေးသိမ်ယုတ်ညံ့သူတွေဖြစ်သည်၊ နောက်ကြောင်းသမိုင်း ညစ်ထေးသူတွေ၊ ဝရမ်းပြေးတွေ၊ အကြမ်းဖက်သမားအုပ်စုတွေ ဖြစ်သည်ဆိုသည်ကို ခွဲခြားဆန်းစစ်နိုင်စွမ်းမရှိဘဲတစ်ဖက်သတ်ယုံစားနေပြန်ကြောင်း။

ကြေကွဲဖွယ်

ILO သည် ကမ္ဘာ့အလုပ်သမားများအကျိုးကို ဖော်ဆောင်ရမည့် အဖွဲ့အစည်းဖြစ်သော်လည်း နိုင်ငံရေး အမြတ်ထုတ်သည့်ကိစ္စတွင် အသုံးချခံဘဝရောက်ပြီး မိမိ၏ မူလရည်ရွယ်ချက်ဖြစ်သည့် အလုပ်သမားများ

"နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်မျှော်မှန်းချက်နှင့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များအထိပါး မခံရအောင် ကာကွယ်စောင့်ရှောက်ရေး"နှင့် ပတ်သက်၍ ပြည်ကြီးတံခွန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းဝင် ဒေါ်တိုးတိုးဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အလုပ်ရရှိရေးကို လက်တွေ့ဆောင်ရွက်နိုင်စွမ်းမရှိဘဲ၊ မိမိတို့အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ရေးကို လုပ်ရာရောက်နေသည့်အတွက် ဝမ်းနည်းစရာ ဖြစ်နေကြောင်း၊ ဤအချက်ကို အထင်အရှားပြနေသည်မှာ အလုပ်ရပြီးဖြစ်သည့်အလုပ်သမားများ တစ်သိန်းခန့်အလုပ်လက်မဲ့ဘဝရောက်သွားပြီးဖြစ်ကြောင်း၊ ဇူလိုင်လ ၂၇ ရက်နေ့က ရန်ကုန်တွင်ကျင်းပသည့် လူထုအစည်းအဝေးတွင် အလုပ်လက်မဲ့ဖြစ်သွားရသူ အမျိုးသမီးကိုယ်စားလှယ် ကလည်း အလုပ်လက်မဲ့ဖြစ်သွားရသူ အမျိုးသမီးများ၏ ကြေကွဲဖွယ်ရာဘဝကို တင်ပြသွားပါကြောင်း။

ILOသည် အလုပ်သမားရေးရာအတွက် အဖွဲ့အစည်း မဟုတ်တော့ဘဲမြန်မာပြည်တွင်း နိုင်ငံရေးကိစ္စများတွင် ပါဝင်လာသည်မှာ မသင့်မြတ်ပါကြောင်း၊ မိမိတင်ပြလိုသည်မှာ–

- **ILO ကဲ့သို့ ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုကို ပြည်တွင်းပြည်ပအဖျက်သမားများ၏ လက်ကိုင်တုတ် မဖြစ်စေလိုကြောင်း။**
- **ILO ကို သူများခြံထဲအဓမ္မပိုင်နက် ကျူးကျော်သူမဖြစ်စေလိုကြောင်း။**
- **ILO ကို သူခိုးကိုစားရိုးကမ်းသူ မဖြစ်စေလိုကြောင်း။**
- **ILO ကို မူလအခြေခံစည်းမျဉ်းနှင့် ကိုက်ညီသည့်အဖွဲ့အစည်းအဖြစ် မြင်တွေ့လိုကြောင်း။**

အလုပ်သမားထုအကျိုးကို မျက်ကွယ်ပြုဆန့်ကျင်ပြီး အလုပ်သမားများအလုပ်လက်မဲ့ဖြစ်အောင် တွန်းပို့နေသည့် ပြည်ပြေး၊ဝရမ်းပြေးများကို မိမိတို့ရှုတ်ချကြောင်း၊ ILO အနေဖြင့်လည်း မိမိအဖွဲ့အစည်း၏ မူဝါဒနှင့် ရည်ရွယ်ချက်များကို လေးစားပြီး မြန်မာ့အလုပ်သမားထုခံစားနေရသည့် အလုပ်လက်မဲ့ဘဝကို စာနာလာရန် တိုက်တွန်းပါကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်အစိုးရက မိမိနိုင်ငံ၏ ဂုဏ်သိက္ခာ၊ မိမိအလုပ်သမားထု၏ အကျိုးစီးပွားကို ကာကွယ်ရေးအတွက် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ထောက်ခံပြီး လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့်ဆွေးနွေး တင်ပြသွားသည်။

ထို့နောက် မန္တလေးမြို့ ဈေးချိုတော်အကျိုးတော်ဆောင် အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဌေးက အကြမ်းဖက် ဗုံးဖောက်ခွဲမှုများကို ရှုတ်ချကြောင်းနှင့် အကြမ်းဖက် အဖျက်သမားအုပ်စုများကို ထိထိရောက်ရောက် ဆန့်ကျင်ချေမှုန်းရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင်

လူထုအစည်းအဝေးတွင် ဆွေးနွေးတင်သွင်းသွားကြသည့် တင်ပြချက်များကို မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင့်လွင်ဦး ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဗုံးခွဲအကြမ်းဖက်မှုများ မည်သို့ ဖြစ်လာခဲ့သနည်း ဆိုသည်ကိုမိမိတို့ သုံးသပ်နိုင်ကြောင်း၊ ဥပဒေအမျိုးမျိုး ချိုးဖောက်ပြီး ထွက်ပြေးသွားသည့် ဝရမ်းပြေးများ၊ တိုင်းရင်းသားရေးဗန်းပြ၊ နိုင်ငံရေးအရေခြုံ၊ ဘိန်းရာဇာ ပြည်ပြေးများ၊ ဟိုအဖွဲ့ သည်အဖွဲ့ အမည်အမျိုးမျိုးဖြင့် လိမ်ညာဖွဲ့ပြီး၊ နိုင်ငံကြီးအချို့၏ အထောက်အပံ့များကို လိမ်ညာယူနေသည့် နှစ်ယောက်တစ်ပိုင်းအဖွဲ့များ ယာယီပေါင်းစည်းပြီး ပြည်တွင်း၌ အကြမ်းဖက်ဖောက်ခွဲကြခြင်း ပင်ဖြစ်ကြောင်း။

အကြမ်းဖက်ဝါဒကို တိုက်ဖျက်နေသည်ဆိုသည့် အင်အားကြီး အနောက်နိုင်ငံကြီးတချို့ကို ပြောလိုပါကြောင်း။

မြန်မာနိုင်ငံအတွင်း၌ အကြမ်းဖက်ဖောက်ခွဲနေသူများသည် နိုင်ငံရေးအင်အားစုဖြစ်သည်ဟု ထိုနိုင်ငံကြီးများက ထင်မြင်ပြီး ခေါင်းစဉ်အမျိုးမျိုးဖြင့် ထောက်ပံ့ထားသည့် အဖျက်သမားအုပ်စုများ၊ အကြမ်းဖက်သမားများ ဖြစ်ပါသည်ဟု ဤနေရာကနေ သတင်းပေးလိုပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုကို ဖျက်ဆီးသည့် ယင်းသစ္စာဖောက် အဖျက်သမားအုပ်စုကို အစိုးရက မတရားအသင်းကြေညာပြီး ပြည်သူများနှင့် လက်တွဲဖော်ထုတ်ပြီး နောင်ကြဉ်သွားအောင် ပြင်းပြင်းထန်ထန် အပြစ်ပေးသင့်သည်ဟု တင်ပြလိုပါကြောင်း။

ဤနေရာတွင် မပြောမပြီး၍ SSA ရှက်ဆစ် အကြောင်း အကျဉ်းချုပ်တင်ပြရလျှင် ရှက်ဆစ်သည် လွန်ခဲ့သည့် ၁၀နှစ်လောက်က ခြွင်းချက်မရှိ လက်နက်ချခဲ့သည့် MTAအဖွဲ့မှအဖွဲ့ဝင်ဖြစ်ကြောင်း၊ ဘိန်းမှောင်ခိုရာဇာတစ်ဦးလည်းဖြစ်ကြောင်း၊ ရှက်ဆစ်အဖွဲ့သည် အိမ်နီးချင်းနိုင်ငံ၌ ခိုအောင်းပြီး လစ်ရင်လစ်သလိုမြန်မာနိုင်ငံထဲ ခိုးဝင်၊ လုယက်၊ သတ်ဖြတ်နေသည့် အကြမ်းဖက်သမား (Terrorist) စစ်စစ်ဖြစ်ကြောင်း၊ လူမျိုးရေးကို ဗန်းပြနေသော်လည်း ရိုးသားသည့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား လူမျိုးအားလုံးက ရှက်ဆစ်ကို အလွန်မုန်းတီးစိတ်နာနေကြပါကြောင်း၊ လောလောဆယ်မှာလည်း အစွန်အဖျားဒေသများကို အလစ်ဝင်ပြီး ဆက်ကြေးကောက်၊ လူသစ်စုဆောင်းခြင်း လုပ်နေခြင်းကြောင့် ယင်းနယ်စပ်အစွန်အဖျားတွင် နေကြရသည့် ရှမ်းအပါအဝင် တိုင်းရင်းသား လူငယ်များသည် ရှက်ဆစ်ရန်က လွတ်အောင် တိမ်းရှောင်နေကြရကြောင်း။

နိဂုံးချုပ်တင်ပြလိုသည်မှာ ပြည်တွင်းပြည်ပ အဖျက်သမားဟူသမျှကို တစ်မျိုးသားလုံး၏ ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ပြတ်ပြတ်သားသား ချေမှုန်းသွားကြပါစို့ဟု တင်ပြရင်း နိဂုံးချုပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ချမ်းအေးသာစံမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ အဖွဲ့ဝင် ဒေါ်လင်းလင်းကြွယ်က နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို အဖျက်သမားများရန်က ကာကွယ်ရင်း ပိုမိုတိုးတက်အောင်ကူညီသွားရေးနှင့်ပတ်သက်၍ ဆွေးနွေး တင်ပြရာတွင် တပ်မတော်အစိုးရသည် မင်းမဲ့စရိုက် အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပြာပုံ၊အုတ်ပုံ ဖြစ်နေသည့် နိုင်ငံအခြေအနေကို အနုတ်လက္ခဏာမှ အပေါင်းလက္ခဏာများဖြစ်အောင် နေ့မအား ညမနား ကြိုးပမ်းထူထောင်တည်ဆောက်ခဲ့ကြောင်း။

နိုင်ငံတော်တွင် လုံခြုံမှုတိုးတက်ရရှိလာသည်နှင့်အမျှ ဘက်စုံတည်ဆောက်ရေးကို ပြည်တွင်းအားကိုးပင် အခြေခံပြီး ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ ယခုသက်တမ်း ၁၇နှစ်တွင် ကဏ္ဍစုံကို ပကတိ အရှိအတိုင်း သုံးသပ်လိုက်သည့်အခါ နိုင်ငံတော်၏ဖြစ်ပေါ်တိုးတက်မှုများကို နှစ်ထောင်းအားရဖြစ်ရပါကြောင်း။

တပ်မတော်နှင့်ပြည်သူတို့၏အောင်ပွဲ၊ အောင်မြင်မှု အသီးအပွင့်များကို နယ်ပယ်စုံ၊ကဏ္ဍစုံတွင် သိသိသာသာ ထူးထူးခြားခြားတွေ့နေရပြီဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍတွင် အရေးအကြီးဆုံးဖြစ်သည့် စားနပ်ရိက္ခာဖူလုံမှုကို ကြည့်လျှင် ၁၄၃ ရာခိုင်နှုန်းအထိ မြင့်မားစွာရရှိနေပြီ ဖြစ်ကြောင်း၊ ဤကဲ့သို့ အောင်မြင်မှုရရှိခြင်းသည် နိုင်ငံတော်အစိုးရ၏ စီးပွားရေးဦးတည်ချက်(၄)ရပ်အောင်မြင်မှု ကြောင့်ပင်ဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်က နွေစပါးမရှိခဲ့သည့်အတွက် စပါးအထွက်မကောင်းခဲ့ကြောင်း၊ ယခုအခါ နွေစပါးဧက နှစ်သန်းနီးပါး စိုက်ပျိုးထုတ်လုပ်နိုင်ပြီ ဖြစ်သကဲ့သို့ မိုးစပါးရော၊ နွေစပါးပါ စိုက်ဧကလည်း တိုးတက်၊ တစ်ဧကအထွက်နှုန်းလည်း သိသိသာသာ တိုးတက်ခဲ့ပြီဖြစ်ကြောင်း၊ ယခင်က တစ်ဧက စပါးအထွက်နှုန်း ပျမ်းမျှ ၅၂တင်းကျော်မျှသာ ရှိသော်လည်း ယခု တစ်ဧကစပါးအထွက်နှုန်းပျမ်းမျှ ၆၉တင်းကျော်ရရှိနေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်က တစ်နှစ်အတွင်း စပါးအထွက်တင်းသန်းပေါင်း ၆၅၃သန်းကျော်သာ ရှိခဲ့ရာက ယခု တင်းသန်းပေါင်း ၁၁၉၅သန်းကျော် ရရှိပြီဖြစ်၍ နှစ်ဆနီးပါး တိုးတက်ခဲ့ကြောင်း၊ အလားတူပင် တောင်သူလယ်သမားများ ဝင်ငွေတိုးပွားစေသည့် ပဲအမျိုးမျိုး စိုက်ပျိုးမှုကိုကြည့်လျှင် ယခင်က ဧက နှစ်သန်းကျော်သာ ရှိခဲ့ရာက ယခုဧက ရှစ်သန်းခွဲကျော်အထိ တိုးတက်ခဲ့ပြီး ဖြစ်ကြောင်း၊ အလားတူ ဝါ၊ ကြံ၊ ဂုန်လျှော်၊ ရော်ဘာ၊ ဆီအုန်း၊ လက်ဖက်၊ ငရုတ်ကောင်း၊ကော်ဖီ စိုက်ပျိုးရေးတို့သည်လည်း အဆပေါင်းများစွာ တိုးတက်ခဲ့ပြီး ဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေးတွင် မွေးမြူရေးကဏ္ဍသည်လည်း အရေးပါလှကြောင်း၊ ငါးမွေးမြူရေးကို ကြည့်လျှင် ငါးကန်ဧက ယခင်က ဧက ၆၃၀၀မျှသာရှိရာမှ ယခုဧက တစ်သိန်း ခုနစ်သောင်း၊ အဆအားဖြင့် ၂၆ဆအထိ မြင့်မြင့်မားမား တိုးတက်ခဲ့ကြောင်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်စွမ်းသည်လည်း ထူးထူးခြားခြား တိုးတက်ခဲ့ကြောင်း၊ ယခင်က သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း လေးသောင်းကျော်သာ ထုတ်နိုင်ရာက ယခု ကုဗပေသန်းပေါင်း သုံးသိန်း ခုနစ်သောင်းကျော်၊ အဆအားဖြင့် ရှစ်ဆကျော် ကိုးဆနီးပါး တိုးတက်ခဲ့ကြောင်း။

တည်ဆောက်နိုင်

ယခင် တပ်မတော်အစိုးရမတိုင်မီကာလက မြစ်ကိုကူးဖြတ်သည့် ပေတစ်ထောင်ကျော်တံတား တစ်စင်းတလေမျှ တည်ဆောက်နိုင်မှု မရှိခဲ့သော်လည်း ယခု တပ်မတော်အစိုးရလက်ထက်တွင် ပေတစ်ထောင်ကျော် မြစ်ကူးတံတားပေါင်း ၄၂စင်းအထိ တည်ဆောက်နိုင်ခဲ့ကြောင်း၊ ဂုဏ်ယူစရာ ပေတစ်သောင်းကျော် ရှည်လျားသည့် သံလွင်တံတား (မော်လမြိုင်)ကိုလည်း တည်ဆောက်နိုင်ခဲ့ကြောင်း၊ ပေ၁၈၀အောက်တံတား ယခင်က ၈၇၀၀ကျော်ရှိခဲ့သော်လည်း ယခု တံတားပေါင်း ၃၂၀၀၀ ဆောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍကို ကြည့်လျှင်လည်း ထူးထူးခြားခြား တိုးတက်ခဲ့ပြီး ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍတွင် ယခင်ကကျောင်းသား ငါးသန်းကျော် ရှိရာမှ ယခုရှစ်သန်းနီးပါး ပညာသင်ခွင့် တိုးတက်ရရှိနေပြီဖြစ်သကဲ့သို့ တက္ကသိုလ်၊ ကောလိပ်၊ အဆင့်မြင့်ပညာကဏ္ဍတွင် ယခင်ကကျောင်းသား တစ်သိန်းနှစ်သောင်းသာ ရှိခဲ့ရာမှ ယခုရှစ်သိန်းခန့်အဆအားဖြင့် ခြောက်ဆအထိ တိုးတက်လာခဲ့ကြောင်း။

ဤကဲ့သို့တိုးတက်လာခြင်းသည် ယခင်က တက္ကသိုလ်၊ ကောလိပ်၃၂ခုသာ ရှိခဲ့ရာမှ ယခု၁၅၆ခုအထိ ငါးဆ တိုးတက်၍ပင်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍကို လေ့လာလျှင်လည်း ယခင်က ဆေးရုံ၆၃၁ရုံသာ ရှိရာမှ ယခုဆေးရုံ၈၁၉ရုံအထိ ရှိသကဲ့သို့ ဆရာဝန်သုံးထောင်ကျော်မှ ယခု ခြောက်ထောင်ကျော်ထိ ရှိလာပြီ ဖြစ်ကြောင်း။

နိဂုံးချုပ် တင်ပြလိုသည်မှာ တပ်မတော်အစိုးရလက်ထက် အစိုးရ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪

အဖျက်သမားလူရမ်းကားများအကြောင်းပြောလျှင် နှစ်ထောင့်နှစ်ညပြော၍ ပြီးမည်မထင်

ငြိမ်းခါနီးထတောက် ဒီမို–၂၀၀၆ အလုံးစုံပျက်သုဉ်းရေး လုပ်ငန်းစဉ် ကြေညာကြောင်း၊ အဖျက်သမား လူရမ်းကားများအကြောင်းပြောလျှင် တစ်ထောင့်တစ်ညတောင်မဟုတ်ဘဲ နှစ်ထောင့်နှစ်ညပြော၍ ပြီးမည်မထင်ကြောင်း။

ဤနေရာတွင် အလျဉ်းသင့်၍ ဂုဏ်ပြုစကား ပြောလိုကြောင်း၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသမှ အလွန်လက်တွေ့ကျပြီး အေးချမ်းတည်ငြိမ်ရေးကို လက်တွဲလာသည့် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလာကြသော အဖွဲ့အသီးသီးမှ တိုင်းရင်းသားညီအစ်ကိုများကို မိမိတို့က အလေးအနက် ကြိုဆိုရင်း နိဂုံးချုပ်လိုက်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အလုပ်အမှုဆောင် ဦးတင့်လွင်ဦးက လူထုအစည်းအဝေးတွင် ဆွေးနွေးတင်သွင်း

ကြေးကြော်

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကြီးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၉ မှ

ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်၍ ရရှိလာသည့် အသီးအပွင့်များကို မသမာသည့် ပြည်တွင်းပြည်ပက အဖျက်သမားများ၏ လက်ချက်ဖြင့် ပျက်စီးမှုမရှိအောင် ကာကွယ်စောင့်ရှောက်ရန်နှင့် ကဏ္ဍစုံ ဆက်လက်ပြီး တိုးတက်ဖွံ့ဖြိုးအောင် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းဝင် ဒေါ်တိုးတိုးဝင်းက နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်မျှော်မှန်းချက်နှင့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ ထိပါးမခံရအောင် ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များ၊ တာဝန်များကို အရှိန်အဟုန်ဖြင့် ဦးဆောင်အကောင်အထည်ဖော်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့သည် သူ့ကျွန်ဘဝကိုရောက်ခဲ့ရစဉ် ကိုလိုနီနယ်ချဲ့တို့က သွေးခွဲ၊ သွေးစုပ်၍ မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများကို ဖျက်ဆီးခဲ့ကြောင်း၊ မြန်မာ့သမိုင်းတွင် သူ့ကျွန်ဘဝ၏ခါးသီးမှုများကို ရရှိခဲ့ပြီးဖြစ်ကြောင်း။

လွတ်လပ်ရေးရရှိပြီးတော့လည်း ပါတီများစိတ်ဝမ်းကွဲခြင်း၊ ရောင်စုံလက်နက်ကိုင် ပုန်ကန်မှုများပေါ်လာခြင်းတို့ဖြစ်ပြီး နောက်ဆုံးတွင် ပါလီမန်ဒီမိုကရေစီနိုင်ငံရေးစနစ်ကြီး ပြိုကျပျက်စီးသွားကြောင်း။

ထို့နောက် တစ်ပါတီစနစ်ပေါ်လာကြောင်း၊ အတိုဆုံးပြောရလျှင် လွတ်လပ်ရေးရပြီး အနှစ် ၄၀ ကျော်ခဲ့သော်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘာစွမ်းအားမျှ မတည်ဆောက်နိုင်ခဲ့ကြောင်း။

နိုင်ငံ၏ လူမှုစီးပွားရေးကို အထောက်အကူပြုစေမည့် အခြေခံအဆောက်အအုံများကို မတည်ဆောက်နိုင်ခဲ့ကြောင်း။

ပြန်လည်တည်ဆောက်

နောက်ဆုံးတော့ ၁၉၈၈ ခုနှစ်တွင် ပယောဂပေါင်းစုံ၊ သွေးထိုးမှုပေါင်းစုံနဲ့ နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားကြီး ရပ်ဆိုင်းသွားပြီး ရိုင်းစိုင်းကြမ်းတမ်းသည့် မင်းမဲ့စရိုက်များပေါ်လာကြောင်း၊ ပြည်သူများ၏ ဘဝမလုံခြုံတော့သည့် အခြေအနေကြီး ဖြစ်ပေါ်လာခဲ့သည်ကို အားလုံးမှတ်မိကြကြောင်း၊ ယင်းသို့သော ဆိုးရွားသည့် အခြေအနေတွင် တပ်မတော်သည် ပြည်သူ့ဘဝကို ဦးထိပ်ထားပြီး ပြည်တွင်းပြည်ပ မြေပေါ်မြေအောက် အဖျက်သမားများကို သမိုင်းပေးတာဝန်အရ ဖယ်ရှားပြီး နိုင်ငံတော်ကို အဘက်ဘက်က ပြန်လည်တည်ဆောက်ခဲ့ကြောင်း။

မြန်မာ့သမိုင်းကို အကျဉ်းဆုံးတင်ပြခဲ့ပြီးနောက် ယနေ့ တိုင်းပြည်ကို မည်သို့ တည်ဆောက်သလဲဆိုသည်ကို ဆွေးနွေးတင်ပြလိုပါကြောင်း။

- **နိုင်ငံတော်ကို အေးချမ်းတည်ငြိမ်အောင် ကြိုးစားသည်။**
- **တစ်ပါတီစနစ်ကို ဖျက်သိမ်းပြီး ပါတီစုံစနစ် လမ်းဖွင့်ပေးသည်။**
- **ဆိုရှယ်လစ်စီးပွားရေးစနစ် ရပ်ဆိုင်းပြီး ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည်။**
- **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အစွမ်းကုန်တည်ဆောက်သည်။**
- **နိုင်ငံတော်တွင် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်သည်။**
- **အထူးဒေသကြီး (၂၄)ခု သတ်မှတ်ပြီး ဖွံ့ဖြိုးရေးတည်ဆောက်သည်။**
- **ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ဖော်ဆောင်သည်။**
- **ပညာရေးအခွင့်အလမ်း၊ ကျန်းမာရေးအခွင့်အလမ်း၊ လူမှုရေးအခွင့်အလမ်းများ ဖွင့်ပေးသည်။**

ဤသည်တို့မှာ ယနေ့ မိမိတို့မြင်တွေ့ရသည့် လမ်းစဉ်များဖြစ်ကြောင်း။

ယင်းလမ်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အနှောင့်အယှက်ကင်းကင်းဖြင့် အကောင်အထည်ဖော်နိုင်ပါသလား။

နှောင့်ယှက်ဟန့်တား

အမျိုးမျိုးသော နှောင့်ယှက်ဟန့်တားမှုတွေကို ရင်ဆိုင်ရပြန်ကြောင်း၊ အခြားကိုယ်စားလှယ်များလည်း ပြောပြီးပါကြောင်း။

- **မိမိတို့နိုင်ငံအား စီးပွားရေးပိတ်ဆို့ကြသည်။**
- **ပြည်ပအရင်းအနှီးများမလာရန် တားဆီးကြသည်။**
- **ပြည်တွင်းရောက်ရှိပြီးဖြစ်သည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ရပ်ဆိုင်းစေရန် အားထုတ်ကြသည်။**
- **အကူအညီ၊ အထောက်အပံ့၊ နိုင်ငံတကာချေးငွေများ ရပ်ဆိုင်းစေရန် လုပ်ကြသည်။**

- **ကမ္ဘာလှည့်ခရီးသည်များမလာစေရန် တားဆီးကြသည်။**
- **ပြည်တွင်း၌ အကြမ်းဖက်ဗုံးဖောက်ခွဲသည်။**

ထိုအခါ မိမိတို့ ဘာကို သဘောပေါက်လာသလဲဆိုလျှင် ၎င်းတို့ပါးစပ်က လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကိုပြောပြီး လက်တွေ့တွင် ၎င်းတို့သည် မြန်မာ့လူ့အခွင့်အရေးကို ချိုးဖောက်နေသူများဖြစ်ကုန်ကြောင်း။

၎င်းတို့ပါးစပ်က စီးပွားရေးမတိုးတက်ဘူးဟု အပ်ကြောင်းထပ်အောင်ပြောပြီး ၎င်းတို့ လက်တွေ့ကျင့်သုံးသည်မှာ မိမိတို့နိုင်ငံအား စီးပွားရေးပိတ်ဆို့ရန် အင်အားကြီးနိုင်ငံများကို တိုက်တွန်းကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ကန့်ကွက်ကြောင်း၊ ရှိပြီးသားများကို ရပ်ဆိုင်းရန် အားထုတ်ကြောင်း၊ အကျိုးရလဒ်မှာ အလုပ်အကိုင်အခွင့်အလမ်းများ လျော့နည်းစေကြောင်း၊ အလုပ်ရှိပြီးသူကို အလုပ်လက်မဲ့ဖြစ်စေကြောင်း၊ ပြည်သူများ၏ မျှော်လင့်ချက်ကို ပျက်စီးစေကြောင်း။

မြန်မာနိုင်ငံ၏ အခြေအနေသည် အမျိုးမျိုးသော ဆူးငြောင့်ခလုတ်များကြားတွင် ရှိနေကြောင်း။

ဘိန်းရာဇာ ရွက်ဆစ်က တိုင်းရင်းသားအရေးဟု အသံကောင်းဟစ်ကြောင်း၊ ကိုလိုနီသြဇာခံ ပြည်ပြေး စဝ်ခမ်ဖကလည်း ခွဲထွက်ရေးဟု ပြောကြောင်း၊ ဤသည်တို့ထက် အကြံပက်စက်သည်လည်းရှိသေးကြောင်း၊ ပြည်ထောင်စုကြီး ပြိုကွဲရန် ပြည်နယ်ကိုဖွဲ့ထုတ်ပြီး အခြားနိုင်ငံ၏ လက်အောက်ခံ ကျွန်ဘဝအဖြစ်ထားရန် ကြိုးပမ်းအားထုတ်နေခြင်းဖြစ်ကြောင်း၊ မီးစာကုန်ဆီခန်း ဗကပက သွားကြသည့် တင်ပြချက်များကို **"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**အဆိုနှင့် **"ဒို့တာဝန်အရေး (၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"**အဆိုဟူ၍ စုစည်းပြီး လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံ ဆွေးနွေးတင်ပြသည်။

ယင်းနောက် သဘာပတိက **"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုနှင့် **"ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုနှစ်ရပ်အား လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် အစည်းအဝေးတက်ရောက်လာကြသူများ၏ သဘောထားရယူပြီး အဆိုနှစ်ရပ်အား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးကို ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ နံနက် ၉ နာရီ ၁၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ဆန်စပါးရောင်းဝယ်ရေးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့်မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာ့ဆန်စပါးရောင်းဝယ်ရေးသင်တန်း အပတ်စဉ်(၂)သင်တန်းဆင်းပွဲကို ဩဂုတ် ၅ရက် ညနေ ၄နာရီတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ အသင်းချုပ် သင်တန်းကျောင်း၌ ကျင်းပရာ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် သင်တန်းဆရာများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)



တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက်နေ မိခင် ဒေါ်ခင်စန်းကြည်၊ သား ကိုနန္ဒ၊ သမီး မတင်တင်မိုး၊ မြေး မစုနန္ဒာမိုး၊ မောင်ရဲခေါင်၊ မောင်စည်သူ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။

(က–ပ)

☆ စာမျက်နှာ ၅ မှ

ယင်းနောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများကိုယ်စား စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး (လေ)ဗိုလ်မှူးကြီးနေဝင်းတို့က ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲတိုကို ဆရာတော် သံဃာတော်များနှင့်သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် ပြည်သူများအားလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ပဲနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ်ခုနစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသောင်းငါးထောင်၊ ရန်ကုန်မြောက်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသောင်းငါးထောင်၊ရွှေပြည်သာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ မြို့နယ်နေ ပြည်သူများက ငွေကျပ်သုံးသိန်း၊ ဒိုင်းမွန်းသံရည်ကျိုလုပ်ငန်းမှ မစ္စတာယိကငွေကျပ်သုံးသိန်း၊(ဦးသိန်းမောင်)-ဒေါ်ပါးပါးစန္ဒီပရဆေး မိသားစုကငွေကျပ် ၂၂၅၀၅၀၊ မြန်မာပြည်သားဟော့ ကုမ္ပဏီမှ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်းတို့က ငွေကျပ်နှစ်သိန်း၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းမှ ဦးတင်အောင်-ဒေါ်လှလှနွယ် တို့က ငွေကျပ်နှစ်သိန်း၊ သပြေညို ဆောက်လုပ်ရေးလုပ်ငန်းမှ ငွေကျပ်နှစ်သိန်း၊ BTB ကုမ္ပဏီမှ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်တို့က ငွေကျပ်တစ်သိန်းငါးသောင်း၊ မြောက်ဥက္ကလာပမြို့နယ် ချမ်းမြေ့စတိုးမှဦးသန်းမောင်-ဒေါ်ငွေကြည်တို့က ငွေကျပ် ၁၁၇၀၀၀၊သမ္မတသက်န်းတိုက်မှ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေတို့ကငွေကျပ်တစ်သိန်း၊ ဦးခင်မောင်ထွန်း၊ သားမောင်ထက်လင်း ထက်လင်းဆေးတိုက်က ငွေကျပ်တစ်သိန်း၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေတို့က ငွေကျပ်တစ်သိန်း၊ ဆန်းမြန်မာကုမ္ပဏီမှ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်တို့က ငွေကျပ်တစ်သိန်း၊ မြင့်မြတ်ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းမှ ဦးအောင်မွန်-ဒေါ်လှလှမော်တို့က ငွေကျပ်တစ်သိန်း၊ ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီက ငွေကျပ်တစ်သိန်း၊မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ်တစ်သိန်း၊ ရွှေပြည်သာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ်တစ်သောင်းငါးထောင်၊ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်တစ်သောင်း၊ ဖြိုးခနအကြော်စုံ မိသားစုကငွေကျပ်တစ်သိန်း၊ ဂျမ်ဘိုခြင်ဆေးခွေလုပ်ငန်းကငွေကျပ်ငါးသောင်း၊ လမ်းမတော်မှ ဒေါ်လှလှက ငွေကျပ်လေးသောင်း၊ ယူနိုက်တက်အင်တာနေရှင်နယ် ကုမ္ပဏီမှ ဒေါ်မြသိန်း၊ သား မောင်ရန်ရှင်း တို့ကငွေကျပ်သုံးသောင်း၊ ရွှေပြည်သာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ပရိယတ္တိစာသင်တိုက်များမှ ဆရာတော်ကြီးများကိုယ်စားလက်ခံကြသည်။

ထို့နောက် လှူဒါန်းရခြင်းရည်ရွယ်ချက်များကို စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းက ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့(သုဓမ္မာ) အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တကုမာရက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ်ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်ဝတ်အသင်းအဖွဲ့က အရပ်၁၀မျက်နှာဆုတောင်း မေတ္တာပို့ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၁၅၄အိတ်၊ဆီ ၈၈ပိဿာ၊အိုင်အိုဒင်းဆား ၅၃၅ပိဿာ၊သွားတိုက်ဆား၁၀၇ဘူး၊ ပဲ ၉၆ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံဘူး ၉၇၀နှင့် အထုပ် ၂၄၀၀၊ ပဒုမ္မာဆပ်ပြာ ၅၃၅တောင့်၊ မွေး၅၃၅ခဲ၊ ငါးခြောက်ပိဿာ၅၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၃၀၀၂၀၅၀ ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ပဲများကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ညောင်တုန်းရေနံမြေ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၇

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးသည် ယနေ့မွန်းလွဲပိုင်းတွင် ညောင်တုန်းရေနံမြေသို့ရောက်ရှိရာ ရေနံမြေရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှု၊ သဘာဝဓာတ်ငွေ့ဖြန့်ခွဲပို့လွှတ်နေမှု၊ တွင်းသစ်တူးဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး တွင်းအမှတ် (၂၇) တွင်းသစ်တူးဖော်နေမှုနှင့်တွင်းအမှတ် (၁၀)တွင်းပြုပြင်ရန် စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညောင်တုန်း-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ လုံခြုံမှုနှင့်ကြံ့ခိုင်မှုတို့ကို ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး၊ လှိုင်သာယာမြို့နယ်အတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၀၉)နှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၂၆၈)တို့၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လုံခြုံရေးစီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး လှိုင်သာယာမြို့နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီ အရောင်းဆိုင်အမှတ် (၀၂၆၈)တွင် လုံခြုံရေးဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

အရှေ့တောင်အာရှပြိုင်ပွဲအတွက် လက်ဝှေ့လူရွေးပွဲဒုတိယနေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၇

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်အနောက်တိုင်းလက်ဝှေ့(အမျိုးသား/ အမျိုးသမီး) အပျော်တမ်းရိုးရာလက်ဝှေ့လူရွေးပွဲနှင့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ဆက်လက်ကျင်းပသည်။

အနောက်တိုင်းလက်ဝှေ့ အမျိုးသမီး လူရွေးပွဲ ၅၀ကီလိုတန်းတွင် ကြူကြူသင်း (မန္တလေးတိုင်း)က သန္တာဘုန်း(တွံတေး)ကိုလည်းကောင်း၊ ၅၄ကီလိုတန်းတွင် သီတာကျော်(မန္တလေးတိုင်း)က မေရီ(စစ်ကိုင်းတိုင်း)ကိုလည်းကောင်း အနိုင်ရရှိကြသည်။

အနောက်တိုင်းလက်ဝှေ့ အမျိုးသား လူရွေးပွဲ၄၈ကီလိုတန်းတွင် ကျော်စွာအောင်(လယ်ဆည်)က ဇော်မျိုးမင်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့)ကိုလည်းကောင်း၊ ၆၄ကီလိုတန်းတွင်အောင်သူရ (မြို့တော်စည်ပင်)က ရဲနောင်(ကာကွယ်ရေး)ကိုလည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

အရှေ့တောင်အာရှ အပျော်တမ်းရိုးရာ လက်ဝှေ့လူရွေးပွဲ ၄၈ကီလိုတန်းတွင် သူရလင်းထွဋ် (ဒေးဒရဲ)က ထစ်ချွန်း(KLN)ကိုလည်းကောင်း၊ ၅၄ကီလိုတန်းတွင် ဟိန်းညီညီ အလင်းရောင်)က မိုက်ခဲ(တောင်ကလေး)ကိုလည်းကောင်း၊ ၅၇ ကီလိုတန်းတွင် နိုင်းဝမ်းလေး (မြို့တော်စည်ပင်)က ကျော်ဆန်း(KLN)ကို လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ကြယ်လင်းအောင် (တောင်ကလေး)က သတ္တိအောင်(မြိုင်ကလေး) ကိုလည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။ အနောက်တိုင်းလက်ဝှေ့နှင့် အပျော်တမ်းရိုးရာလက်ဝှေ့ လူရွေးပွဲများမှာ အချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်၍ အမှတ်ဖြင့်ဆုံးဖြတ်ရသည်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်း(ကယ်လ်ဆမ်ကွေကာ) က အနောက်တိုင်းလက်ဝှေ့(ကျား/မ)၊ အပျော်တမ်းရိုးရာလက်ဝှေ့ လူရွေးပွဲနှင့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပရန် ကျပ် ၁၀ သိန်း၊ လူရွေးပွဲနှင့် စိန်ခေါ်ပွဲ၌ ထိုးသတ်ကြသူများအတွက် ကျပ်ငါးသိန်း စုစုပေါင်းကျပ်၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က လက်ခံရယူသည်။ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် (လက်ဝှေ့အားကစာနည်း) တာဝန်ခံနာယကများက လူရွေးပွဲနှင့် စိန်ခေါ်ပွဲ ယှဉ်ပြိုင် ထိုးသတ်သူများအား တစ်ဦးလျှင် ကျပ် ငါးထောင်စီဖြင့် စုစုပေါင်း ကျပ်သုံးသိန်းချီးမြှင့်သည်။ (ကြေးမုံ)

တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေး တိုးချဲ့ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံကျေးလက်ဒေသ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးလုပ်ငန်း စည်းရုံးပညာပေးမှု တိုးချဲ့ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၅ ရက် နံနက် ၉နာရီတွင် သာကေတမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန အရည်အသွေးစစ်ဆေးရေးဌာနခွဲ အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးလှဝင်းတက်ရောက်၍ အဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ကျွမ်းကျင်မှုပညာရှင် Mr. Shingo Takahashi က ကျေးလက်ဒေသလူမှုဖွံ့ဖြိုး တိုးတက်မှု အထောက်အကူပြု တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးလုပ်ငန်း စည်းရုံးပညာပေးမည့် အစီအစဉ်များကို ရုပ်မြင်ဆလိုက်များဖြင့် အသေးစိတ်တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်နှင့် တိုင်းများမှ တိုင်း၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးများ မွေးမြူရေးစခန်းများနှင့် ငါးသားပေါက်စခန်း တာဝန်ခံများက စပါး-ငါးစိုက်ပျိုး မွေးမြူခြင်း အခြေခံသဘောတရားများနှင့်ငါးပုစွန်အရည်အသွေးထိန်းသိမ်းရေး အခြေခံသဘောတရားများကို တင်ပြဆွေးနွေးကြသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့(ဗဟို)မှ ကျောက်မဲခရိုင် အတွင်းရှိ အသက် (၇၅) နှစ်နှင့် အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက်က ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက စစ်မှုထမ်းဟောင်းတစ်ဦးအား ထောက်ပံ့ကြေးများ ပေးအပ်စဉ်။ (က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကဝမြို့ရှိ ဆံတော်ရှင် ကျိုက်မတ်ကော်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ကဝမြို့နယ်၌ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၅ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ပဲခူးတိုင်း ၂၀၀၅–၂၀၀၆ ခုနှစ် မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၀နာရီတွင် ကဝမြို့နယ် ဖလေးကျေးရွာရှိ သုဝဏ္ဏဘူမိ– ဟံသာဝတီ– ဥဿာပဲခူးမင်း အဆက်ဆက်တို့ တည်ထားကိုးကွယ်တော်မူသည့် ဆံတော်ရှင် ကျိုက်မတ်ကော် စေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် စေတီတော် အာရုံခံတန်စောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ ရေချမ်း၊ ဆွမ်း၊ သစ်သီး၊ ဆီမီးတိုင်များဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ဓမ္မလက်ဆောင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဆံတော်ရှင် ကျိုက်မတ်ကော်စေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ စေတီတော် ဂေါပကဥက္ကဋ္ဌ ဦးသန်းငွေက လက်ခံပြီး စေတီတော်ပုံတူ ဓာတ်ပုံကားချပ်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် စေတီတော်ဂေါပကအဖွဲ့ဝင်များက စေတီတော်၏ သမိုင်းအကျဉ်းနှင့် စေတီတော် ဘက်စုံပြုပြင်မွမ်းမံမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည် ဖူးမြော်ကြည်ညိုသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ကဝမြို့သို့ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှုများကို အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းစီမံ ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရန်မှာ နယ်မြေ အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေ စိုးမိုးရေး၊ စီးပွားရေး အင်အားကောင်းမွန်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးတို့သည် အဓိကလိုအပ်ချက်များဖြစ်၍ ယင်းလိုအပ်ချက်များနှင့် ပြည့်စုံစေရန် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ဒေသအသီးသီးတွင် အကြားအလပ်မရှိမျှတစွာ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ပြည်သူအများစုနေထိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် စီမံကိန်းတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏စေတနာကို တုံ့ပြန်သည့်အနေဖြင့် ကဝမြို့နယ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများသည် နိုင်ငံတော်က ချမှတ်ပေးသည့် စီမံကိန်းများအောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

တိုးချဲ့မွေးမြူ

ပဲခူးတိုင်းသည် နိုင်ငံတော်၌ ဆန်စပါး ဒုတိယ အများဆုံး စိုက်ပျိုးနိုင်သည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ ယခု ၂၀၀၅–၂၀၀၆ ခုနှစ်တွင် မိုးစပါးဧက နှစ်သိန်းတိုးပြီး ဧက ၂၈ သိန်း စိုက်ပျိုးရန် လျာထားသတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နွေစပါးကိုလည်း ယခုနှစ်တွင် ယခင်နှစ်ကထက် ဧက တစ်သိန်းတိုးပြီး ဧက လေးသိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းအောင်မြင်ရေး အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသကြက်၊ ဘဲနှင့် ငါးမွေးမြူရေးတို့ကိုလည်း ယခုထက်ပိုမိုတိုးချဲ့မွေးမြူကြရန်လိုကြောင်း၊ သို့မှသာ တစ်ဦးချင်းဝင်ငွေများ တိုးတက်လာပြီး မြို့နယ်၏ စီးပွားရေးမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဝန်ထမ်းများအနေဖြင့်လည်း မိမိပင်မလုပ်ငန်းများအပြင် မြို့နယ်တွင် ဖွဲ့စည်းထားသော ကော်မတီအလိုက် လုပ်ငန်းများကိုပါ စေတနာပါပါ၊ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကဝမြို့ကိုလည်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်လှပအောင် ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မှာကြားဖြည့်ဆည်း

ကဝမြို့နယ်၌ ၂၀၀၅ –၂၀၀၆ ခုနှစ်တွင် မိုးစပါးဧက ၁၉၇၈၀၀ စိုက်ပျိုးရန် လျာထားသည့် အနက် ၁၈၄၆၇၈ဧက စိုက်ပျိုးပြီးဖြစ်၍ စိုက်ပျိုးနိုင်မှု ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၃၇ ရာခိုင်နှုန်း ဖြစ်ကြောင်းနှင့်ရာသီကုန်တွင် လျာထားချက်နှင့်အညီ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ကဝမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး အမျိုးသမီး လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် ကလေးလူနာခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာဌေးအောင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်တို့က လိုက်လံရှင်းလင်းတင်ပြကြ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကိုမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဘိဓမ္မာပိဋကတ် စာကြည့်တိုက်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အတွက် မြန်မာ့အလှ ဆောက်လုပ်ရေးအဖွဲ့မှ ဦးကျော်ခိုင်–ဒေါ်ခင်ခင်အေး မိသားစု၊ ဦးမြတ်မင်း(ကွယ်လွန်)–ဒေါ်ခင်စန်းတင်မိသားစု၊ ဦးကျော်မြင့်–ဒေါ်စန္ဒာဝင်းမိသားစု၊ ဦးဖူးအောင်–ဒေါ်မြသိန်းမိသားစု၊ ဦးအောင်ဝင်း–ဒေါ်ခင်မိုးလွင်မိသားစုတို့က အလှူငွေကျပ်ငါးသိန်းကို ဩဂုတ် ၅ ရက်က ဆူးလေစေတီတော် ရင်ပြင်ပေါ်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ရုံးခန်းတွင် ပေးအပ်လှူဒါန်းရာ အဘိဓမ္မာပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဦးသန်းတင်၊ အကျိုးဆောင်ချုပ် ဦးမျိုးခင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမြမောင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်း ကဝမြို့နယ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် အုန်းနဲ့စံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး အမျိုးသမီး လူနာဆောင်၊သားဖွားခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ အမျိုးသားလူနာဆောင် တို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာဌေးအောင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာသူရတို့ကလိုက်လံရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကိုမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ် လမ်းဘေး ဝဲ/ယာ တစ်လျှောက်တွင် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါး စိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပဲခူးမြို့တွင် ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ် အမှတ်(၁၃) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၆ ရက်က ကျင်းပရာ (Grade-2) ပထမတန်းမှ ပထမဆုရရှိသူ မောင်ခန့်ညားအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်အေး ဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)



အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဗုဒ္ဓဂယာ မဟာဗောဓိပင်နှင့် အရိပ်အလှူ၊ ပန်းအလှူ ထာဝရပန်းဒါန စိုက်ပျိုးပူဇော်လှူဒါန်း

ရန်ကုန် ဩဂုတ် ၇

အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဗုဒ္ဓဂယာ မဟာဗောဓိပင်နှင့် အရိပ်အလှူ၊ ပန်းအလှူ ထာဝရပန်းဒါန စိုက်ပျိုးပူဇော်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရွှေတိဂုံစေတီတော် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်ရှိ ရှင်းလင်းဆောင်မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီအဖွဲ့ဝင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက အိန္ဒိယသမ္မတနိုင်ငံမှလှူဒါန်းသည့် ဗုဒ္ဓဂယာ မဟာဗောဓိပင်ကို စိုက်ပျိုးပူဇော်ကြစဉ်။ (သတင်းစဉ်)

မင်္ဂလာအခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဦးစီးကော်မတီဝင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ထာဝရပန်းဒါန အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ပက်ဖျန်းပူဇော်

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် အရိပ်အလှူ၊ ပန်းအလှူ ထာဝရ ပန်းဒါနအနေဖြင့် စိုက်ပျိုးပူဇော်မည့် ပွင့်ရာဗောဓိပင်များနှင့် အရိပ်ရအပင်များ၊ ပန်းအလှုပင်များကို စိုက်ပျိုးမည့်နေရာသို့ အခမ်းအနားဖြင့် သယ်ဆောင်ကြပြီး အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဗုဒ္ဓဂယာ မဟာဗောဓိပင်အား ဦးစီးကော်မတီဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဦးစီးကော်မတီဝင် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဂေါပကအဖွဲ့ဝင်များက စိုက်ပျိုးပူဇော်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ပွင့်ရာဗောဓိကံ့ကော်ပင် နှစ်ပင်၊ ပွင့်ရာဗောဓိအင်ကြင်းပင် နှစ်ပင်၊ အရိပ်ရ ခရေပင်သုံးပင်နှင့် ရွှက်လှပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် ယမန်နှစ်က အလှူရှင်များ လှူဒါန်းထားသည့် အရိပ်ရပင် ၉၃၃၈ပင်နှင့် ပန်းအလှုပင် ၂၄၆၀၃၄ပင်တို့ကို ထာဝရပန်းဒါန အလှူရှင်များ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများက စိုက်ပျိုးလှူဒါန်းကြသည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဗုဒ္ဓဂယာ မဟာဗောဓိပင်နှင့် အရိပ်ရအလှူ၊ ပန်းအလှူ ထာဝရပန်းဒါန စိုက်ပျိုးပူဇော်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ရွှေတိဂုံစေတီတော် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်ရှိ ရှင်းလင်းဆောင် မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

မြစ်ရေကြီးခြင်းသတိပေးချက်

ရန်ကုန် ဩဂုတ် ၇

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ခန္တီးမြို့၌ ၁၀၈၇စင်တီမီတာနှင့် ဟုမ္မလင်းမြို့၌ ၂၆၄၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာနှင့် ၂၉၀၀ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြေညာထားသည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄၀)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၇

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၁)၊ အမှတ်(၄၀)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ၊ လေဆိပ်သစ်ကြီးပြီးစီးပါက လက်ရှိအသုံးပြုနေသော ပြည်ပထွက်ခွာ ဆိုက်ရောက်ခန်းမကို ပြည်တွင်းအတွက် အသုံးပြုမည်။ ပင်လယ်ပြင်ရေနံယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် နိပ္ပွန်ဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေ၊ သူနာပြုလုပ်ခွင့် လိုင်စင်ရထားသူများ နိုင်ငံခြားအသိအမှတ်ပြုစာမေးပွဲဖြေဆိုရန် ဝင်ခွင့်များလျှောက်ထားနိုင်ပြီ၊ တစ်နိုင်ငံလုံးရှိ မြန်မာ့စီးပွားရေးဘဏ် ခရိုင်၊ မြို့နယ်ဘဏ်ခွဲပေါင်း ၆၇ခုတွင် ဖက်စ်ဖြင့်ငွေလွှဲလုပ်ငန်းစတင်၊ MRTV -4 မှ အပတ်စဉ် ထုတ်လွှင့်လျက်ရှိသော 5. MOVIES နိုင်ငံခြားဇာတ်လမ်းတွဲ အစီအစဉ်များစသဖြင့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ ဖာ့ဒ်ဘုရင်ကြီးကွယ်လွန်ပြီ၊ ထိုးဆေးဖြင့် ကိုယ်အလေးချိန် လျှော့ချနိုင်တော့မည်၊ အမဲလိုက်ခွေးကြီးတစ်ကောင် ရေကူးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရ၊ ဆယ်လုံးမြောက်ဂြိုဟ်ကို တွေ့ရှိပြီလားစသည့် နိုင်ငံတကာမျက်မှောက် သတင်းထူးသတင်းဦးများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာကို e-Empire Media Houseဖုန်း-၅၄၈၈၈၁က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီးဖြစ်သည်။ (က-ပ)

“ဘီလူး”နှင့်“အပြင်းစားရိုက်ချက်” ဆက်လက်ပြသ “ချစ်ခြင်းဖွဲ့မေတ္တာ” မကြာမီရုံတင်မည်

ရန်ကုန် ဩဂုတ် ၇

ယခုတစ်ပတ်တွင် ဇာတ်ကားသစ်များမဝင်ဘဲ ပြသဆဲ ဇာတ်ကားများသာ ဆက်လက်ပြသလျက်ရှိသည်။

မြန်မာဇာတ်ကား တစ်ကားဖြစ်သည့် **“ဘီလူး”** အမည်ရှိ ဟာသဇာတ်ကားသည် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ပရိသတ်အားပေးမှုရရှိနေသည့်အပြင် မန္တလေးမြို့ဝင်းလိုက်၊ မြို့မရုံများနှင့် မြိတ်မြို့ရှိ ဂုဏ်ရုံနှင့် တောင်ကြီးမြို့ ဗန္ဓုလရုံများတွင်ပါ ဆက်လက်၍ ပရိသတ်အားပေးမှု ခံယူနေဆဲရှိသည်။

“ဘီလူး” ဟာသဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဤဇာတ်ကားတွင် ဟာသသရုပ်ဆောင်များဖြစ်သည့် ဗေလုဝနှင့် ဇာဂနာတို့အပြင် သျှားညိုတို့က အခြားဟာသသရုပ်ဆောင်ပေါင်းများစွာဖြင့် ထိထိမိမိ သရုပ်ဆောင်ထားမှုကြောင့် ပွဲစဉ်တိုင်း ပရိသတ်အားပေးမှု များပြားနေဆဲဖြစ်သည်။

ရှေ့ဆောင်ရုံတွင်မူ ဟာသကား တစ်ကားဖြစ်သည့် **“အပြင်းစားရိုက်ချက်”** ဇာတ်ကား ဆက်လက်ပြသနေပြီး ပရိသတ်အားပေးမှုလည်း ရရှိနေသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ဒါရိုက်တာ Louis Leterrier ရိုက်ကူးပြီး နာမည်ကြီးသရုပ်ဆောင် ဂျက်လီပါဝင်သရုပ်ဆောင်ထားသည့် Unleashed ဇာတ်ကြမ်းကား ပြသနေသည်။

အပြင်းစားရိုက်ချက်

“အပြင်းစားရိုက်ချက်”ဇာတ်ကားမှ မိုးဒီနှင့် ထွန်းထွန်းနိုင်။

ချစ်ခြင်းဖွဲ့မေတ္တာ

သဇင်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ သူဇာညွှန့် စီစဉ်ပြီး ဝတ္ထုဇာတ်ညွှန်းနှင့် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရေးသားရိုက်ကူးသည့် **“ချစ်ခြင်းဖွဲ့မေတ္တာ”** ဇာတ်ကားသစ်မှာ မကြာမီရုံတင်ပြသတော့မည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် ဒွေး၊ တင့်တင့်ထွန်း၊ မြတ်ကေသီအောင်၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာ၊ ခိုင်နှင်းဝေနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၈-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ -(ဒုတိယနှစ်-ဥပဒေပညာ)**
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်” (အပိုင်း-၅)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မေးမြန်းစူးစမ်း
၁၉။ **အရှင်ဇနကာဘိဝံသ၏ထေရုပ္ပတ္တိ -ဦးခိုက်ပူဇော်ဂုဏ်ကျေးဇူးတော်**
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “တရားရှင်” (အပိုင်း-၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၈တိုက်၊ သီလရှင်စာသင်တိုက် သုံးတိုက်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ခုနစ်တိုက်၊ သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲ

အခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် (ချ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်ရှိ ဓမ္မမေဒိနီစာသင်တိုက်နှင့် ရွှေပြည်သာမြို့နယ် ရွှေဘုန်းရှိန်လမ်းရှိ အောင်ဆန်းတောရပရိယတ္တိစာသင်တိုက်တို့၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားများသို့ မြောက်ဥက္ကလာပမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များမှ ပဓာန နာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင် စာသင်တိုက်များမှ ပဓာန နာယက သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

မြောက်ဥက္ကလာပမြို့နယ်ရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပွဲ မြို့တော်စည်ပင်နှင့် လယ်/ဆည်တို့ အနိုင်ရ

ရန်ကုန် ဩဂုတ် ၇

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ လူငယ်အားကစားလေ့ကျင့်ရေးစခန်း၌ ယှဉ်ပြိုင်ကစားသော ပွဲစဉ်တွင် မြို့တော်စည်ပင်က ကာကွယ်ရေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြို့တော်စည်ပင်အသင်း **နှစ်ဂိုး**
(အောင်ထွေးမောင်)
ကာကွယ်ရေးအသင်း **ဂိုးမရှိ**
ဒိုင်လူကြီး **ဦးထွန်းထွန်း။**

အသင်းကြီးနှစ်သင်း တွေ့ဆုံသော ပွဲဖြစ်သည်နှင့်အညီ အနိုင်ရရှိရေး အားကုန်ထုတ်ကစားခဲ့ကြသည်။ မြို့တော်စည်ပင်အသင်းက ဂိုးသွင်းခွင့်များကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်၍ အနိုင်ရကာ သုံးမှတ်ရရှိသွားသည်။

မြို့တော်စည်ပင်အတွက် ပထမဂိုးကို ၃၈ မိနစ်တွင် တင့်နိုင်ထွန်းသိန်း ကန်တင်ပေးသော ဘောလုံးကို အောင်ထွေးမောင်က ခေါင်းတိုက်သွင်းယူ၍ လည်းကောင်း၊ဒုတိယဂိုးကို ၄၃မိနစ်တွင် ညွန့်ဝင်း ဖြတ်ပို့သော ဘောလုံးကို အောင်ထွေးမောင်ကပင် သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း (က)အုပ်စု

လယ်ယာဆည်မြောင်း **တစ်ဂိုး**
လယ်ယာထွက်ကုန် **ဂိုးမရှိ**

ယနေ့ပွဲများကစားအပြီးတွင် (က)အုပ်စု၌ ပြည်ထဲရေးနှင့် လယ်/ဆည်က တစ်ပွဲနိုင် သုံးမှတ်စီ၊ ရထားပို့ဆောင်ရေးနှင့် လယ်ယာထွက်ကုန်တို့က တစ်ပွဲရှုံး အမှတ်မရရှိသေးပေ။

(ဂ)အုပ်စုတွင်လည်း မြို့တော်စည်ပင်နှင့် စွမ်းအင်က တစ်ပွဲနိုင် သုံးမှတ်စီ၊ ကာကွယ်ရေးနှင့် ကမ္ဘောဇက တစ်ပွဲရှုံး၍ အမှတ်မရရှိသေးပေ။

ယနေ့ ပွဲမရှိ

ဩဂုတ် ၉ ရက်

(သုဝဏ္ဏကွင်း) (ဃ)အုပ်စု

ပို့ဆောင်ရေးနှင့် တံခွန်

(အောင်ဆန်းကွင်း) (ခ)အုပ်စု

သစ်တောရေးရာနှင့် စီးပွား/ကူးသန်း

(ကြေးမုံ)

မှတ်သားဖွယ် မိုးရေချိန်များ
၇-၈-၂၀၀၅

ခန္တီး
၁၀ ဒသမ ၁၆ လက်မ

ကျောက်တော်
၅ ဒသမ ၉၁ လက်မ

မောင်တော
၂ ဒသမ ၂၀လက်မ

စစ်တွေနှင့်ဘားအံ
၂ ဒသမ ၀၉ လက်မ

မြို့တော်စည်ပင် တိုက်စစ်မှူး ဇော်ဇော် ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို ကာကွယ်ရေး နောက်ခံလူ ဌေးအောင် ဖျက်ထုတ်ကာကွယ်စဉ်။

(ကြေးမုံ)